မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ မေ ၂၆ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၃၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဖြတ်သန်း ကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တွံတေးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တပ်မတော်အစိုးရလက်ထက် ပေ ၁၈၀ နှင့်အထက် တံတား ၂၁၅ စင်းမြောက် တွံတေးတံတားဖွင့်လှစ်ရေလမ်းခရီးနှင့် ကူးတို့များကိုသာ အဓိကအားကိုးပြီး ခက်ခဲပင်ပန်းကြီးစွာ သွားလာခဲ့ကြရသည့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များအပြင် ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်းမြို့နယ်များ နောင်သားစဉ်မြေးဆက်တိုင် ကုန်းလမ်းခရီးဖြင့် လွယ်ကူစွာ ဆက်သွယ်ဆက်ဆံသွားလာနိုင်ကြပြီ

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်း ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ္တိုကျေးရွာအနီး တွံတေးတူးမြောင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တွံတေးတံတားတည်ဆောက်ရေး စီမံကိန်းအဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့သည့် တွံတေးတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်အားပေးချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကျော-ဖုံးသို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တွံတေးတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၂၆ ရက်)

ကျန်းမာရေးအတွက် လူတိုင်း လက်ဖက်ရည်ကြမ်း သောက်သုံးသင့်

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ လူတိုင်းကျန်းမာကြံ့ခိုင်ပြီး အသက်ရှည်လိုကြသည်။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်။ အလုပ်လုပ်နိုင်မှ စားဝတ်နေရေး အဆင်ပြေမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ပျမ်းမျှအသက်အရှည်ဆုံးဟု စံတင်ထားသည့် ဂျပန်နိုင်ငံ၌ တစ်လတစ်ကြိမ် ကျန်းမာရေးသုတပဒေသာ ဟောပြောပွဲကို လူတိုင်းမတက်မနေရအဖြစ် သတ်မှတ်နာယူ ကျင့်သုံးနေသည်ဟု သိရသည်။ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ပါမှ နိုင်ငံနှင့် လူမျိုး ဘက်စုံကြီးပွားတိုးတက်မည်ဖြစ်၍ အတုယူစရာကောင်းသည်။

နိုင်ငံတကာ စစ်တမ်းအရ လက်ရှိအခြေအနေတွင် အသက်၃၀နှင့်၅၀ကြား ရှိသူများသည် ရောဂါနှိပ်စက်၍ မသေသင့်ဘဲသေနေရသည်ဟု သုတေသီများက မချိတင်ကဲ ပြောဆိုနေကြသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက "မသိလို့သေရတာ လုံးဝအဖြစ်မခံပါနဲ့" ဟူသော ဆောင်ပုဒ်ဖြင့် နှိုးဆော်နေရသည်။

လူအများစုသည် ကျန်းမာရေးသုတ အားနည်းနေသည်ကို တွေ့ရသည်။ ဘဝကို ဖြစ်ကတတ်ဆန်း သွားလာနေထိုင် ပြုမူနေတတ်သူ အများအပြားရှိကြသည်။ နေမကောင်းမှ ဆေးစား၊ ဆေးကု လုပ်တတ်ကြသည်။ ယင်းတို့ကို အချိန်မီ အမြန်ဆုံးပြုပြင်နိုင်ရန် လိုအပ်ပေသည်။

ကျန်းမာရေးအတွက် မျှတသည့်အစားအသောက်များကို စားပေးရမည်။ အောက်စီဂျင်ရသည့် ကျန်းမာရေးလေ့ကျင့်ခန်းများ လုပ်ပေးရမည်။ စိတ်ဓာတ်ကြံ့ခိုင်အောင် အားထုတ်ရမည်။ ယင်းအချက်သုံးချက်ကို လိုက်နာကျင့်သုံးခြင်းသည် အသက်ကို ဉာဏ်စောင့်ခြင်းဖြစ်သည်။

မျှတသည့် အစားအသောက်ဟုဆိုရာတွင် စားစရာနှင့် သောက်စရာတွဲနေသည်။ ထိုအထဲမှ သောက်စရာခြောက်မျိုးအား အထူးဖော်ညွှန်းထားသည်ကိုတွေ့ရသည်။ အစိမ်းရောင် လက်ဖက်ရည်ကြမ်း၊ အနီရောင် စပျစ်သီးဝိုင်၊ ပဲနို့ရည်၊ ဒိန်ချဉ်ရည်၊ အရိုးပြုတ်ဟင်းချိုရည်နှင့် မှိုဟင်းချိုရည်တို့ဖြစ်သည်။

အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ အရည်လည်းဆေး၊ ဆေးလည်းအရည်ဖြစ်သည်။ အရည်ခြောက်မျိုးထဲက အစိမ်းရောင်လက်ဖက်ရည်ကြမ်းသည် မြန်မာ့ရိုးရာ တန်းဝင်ဖြစ်သည်။ လက်ဖက်ထဲတွင် ကင်ဆာရောဂါကို ကာကွယ်နိုင်သည့် ဓာတ်တစ်မျိုးပါသည်ဟု သိရသည်။

ဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်အရ လူတိုင်း အသက်၄၀ကျော်လျှင် ကင်ဆာကလာပ်စည်းများ ရှိနေတတ်သော်လည်း အချို့ကင်ဆာရောဂါဖြစ်ပြီး အချို့မဖြစ်ခြင်းသည် ရေနွေးကြမ်း သောက်ခြင်းနှင့် မသောက်ခြင်းအပေါ်တွင် ကွာခြားသွားရခြင်းဖြစ်သည်ဟုဆိုသည်။

လက်ဖက်ရည်ကြမ်းတွင် ပါဝင်သည့် ပစ္စည်းများသည် လေဖြတ်ခြင်း၊ နှလုံးခုန်ရပ်တန့်ခြင်းနှင့် ကင်ဆာရောဂါများကဲ့သို့သော ရောဂါများ အန္တရာယ်မှလျော့ပါးစေနိုင်သည်။ ရောဂါအားလုံးနှင့် ဇရာဖိစီးခြင်းဒဏ်က ကင်းလွတ်နိုင်သည်ဟု ဆိုထားသည်။

ရေနွေးကြမ်းတွင် ဖလိုရိုဒ်ဓာတ်ပါဝင်၍ သွားကိုခိုင်မာစေသည့်အပြင် သွားပိုးနှင့်သွားကပ်မှိုပြောက်များကို ကင်းစင်စေသဖြင့် သောက်ရုံသာမက အာလုတ်လည်းကျင်းပေးသင့်သည်။

လက်ဖက်ရွက်တွင်ပါသည့် လက်ဖက်ရှားစေးဓာတ်သည် သွေးကြောများ၏ ကြံ့ခိုင်ပျော့ပျောင်းမှုကို အားပေးပြီး သွေးကြောပေါက်ကွဲမှုမှ ကာကွယ်ပေးသည်။ အထူးသဖြင့် ဦးနှောက်သွေးကြောပေါက်ပါက အသက်အန္တရာယ်ရှိပြီး အကုရခက်သည်။ ရေနွေးကြမ်းသောက်ပါက ယင်းအန္တရာယ်မှ ကင်းဝေးနိုင်သည်ဟု အကြံပြုထားသည်။

ထို့အတွက် လက်ဖက်ရည်ကြမ်းသည် ကျန်းမာရေးအတွက် အထောက်အကူပြုလျက်ရှိရာ အလေးအနက် မှီဝဲသောက်သုံးသင့်ကြပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၆-၅-၂၀၀၆

(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄:၂၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၃၅ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၀ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၅:၁၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၂၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသ သတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၅၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၂၉)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ စိုက်ပျိုးသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိဗျတ္တိ"** (အပိုင်း-၃)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ချီးကျူးပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရေကူးကမ္ဘာအေး အရှေ့ဝါယာလက်(၂)လမ်းရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ(ပီအိပ်ချ်ဒီ) ဆရာတော်ကြီး၏ မွေးနေ့အလှူတော်နှင့် (၅၈)ကြိမ်မြောက် တိပိဋကရေး တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသော ကျောင်းတိုက် ဂဏဝါစက စာချဆရာတော်များအား ဂုဏ်ပူဇာ မင်္ဂလာ အခမ်းအနားကို မေ ၂၈ရက် နံနက် ၇နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

	အမည်၊လက်ရှိရာထူး၊ဌာန	ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ဌာန
(က)	ဦးချစ်ရှိန် ဥက္ကဋ္ဌ လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန အလုပ်သမားဝန်ကြီးဌာန
(ခ)	ဦးတင်အောင်ဝင်း ညွှန်ကြားရေးမှူးချုပ် အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန အလုပ်သမားဝန်ကြီးဌာန	ဥက္ကဋ္ဌ လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဝန်ကြီးဌာန

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း (တာမွေလေး၊ သံလမ်းအနီး)၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ် ဆေးခန်းအတွက် အရှေ့ရန်ကင်း တိုက်၂၆၉နေ ဦးကျော်မြင့်-ဒေါ်နှင်းနှင်းခိုင်၊ သားဟန်ထူးဇော်၊ မောင်ထက်အောင်လှိုင် မိသားစုက ဒေါ်နှင်းနှင်းခိုင်၏ မွေးနေ့အဖြစ် အလှူတော်ငွေ ကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရိလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သင်တန်းများဖွင့်

ရန်ကုန် မေ ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)မွမ်းမံ သင်တန်းဆင်းပွဲနှင့် လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်)မွမ်းမံသင်တန်း အငယ်တန်းအင်ဂျင်နီယာ-၂ (ရေသန့်) မွမ်းမံသင်တန်းနှင့် ပညာသည်-၅ သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၈နာရီက ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း သုဝဏ္ဏသင်တန်း ခန်းမဆောင်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့်ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သုဝဏ္ဏ ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ သင်တန်းဆရာများနှင့် သင်တန်းသား ၉၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 အစီအစဉ်

၂၆-၅-၂၀၀၆ (သောကြာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ ဆရာဦးမြင့်လွင် (သန့်-တည်-ပွား) ဟောပြောဆွေးနွေးသော "အပယ်ပိတ်တရား" (အပိုင်း-၄) (ဝိပဿနာ အဓိပ္ပာယ်နှင့် ဘာကြောင့် အားထုတ်သင့်သလဲ)
- ၇:၁၅ တေးဂီတအစီအစဉ်
- ၇:၂၀ သာသနာ့အနွယ်ဝင် သီလရှင်
- ၇:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၇:၄၅ Myanmar Video Rhythm
- ၈:၃၅ တေးဂီတအစီအစဉ်
- ၈:၄၀ ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည် ဆင်းရွှေလီ (အပိုင်း-၂)
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ သစ်ကောင်းတစ်ပင် (ရန်ပိုင်စိုး၊ မောင်ဂဠုန်)
- ၉:၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၁၅ ဗွီစီဒီမိတ်ဆက် (အလင်္ကာ၏ ရွှေသံစဉ်-၁)
- ၉:၃၅ မိုးလေဝသခန့်မှန်းချက်
- ၉:၄၀ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (တစ်ခုပညာကိုယ်စီပါ)
- ၉:၅၀ တေးဂီတအစီအစဉ်
- ၉:၅၅ ရွှေလီတံတား
- ၁၀:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၁၅ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
- ၁၀:၃၅ တေးဂီတအစီအစဉ်
- ၁၀:၄၀ ချပ်သင်းဘေးမဲ့တော ရွှေသမင်စာရင်းကောက်ယူခြင်း လုပ်ငန်း
- ၁၀:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၅၅ ကောင်းကင်ယံက အန္တရာယ်
- ၁၁:၀၅ တေးဂီတအစီအစဉ်
- ၁၁:၁၀ နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေးဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ ရောက်ရှိလာရာ ဧည့်ခန်းမဆောင်၌ ဝန်ကြီးအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ဆောင်ရွက်လျက်ရှိသော အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကျောင်း/ဌာနများမှ ကျောင်းအုပ်များ၊ အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းမှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာနနှင့် Art and Deco Co., Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပန်းပု၊ ခဲပုံသွင်းအလုပ်ရုံ **(ဝဲပုံ)**၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနက ဖွင့်လှစ်ထားသော အထည်အလိပ်အရောင်းပြခန်း၊ ရက်ကန်းအလုပ်ရုံနှင့် Art and Deco Co., Ltd. မှဖွင့်လှစ်ထားရှိသော အရောင်းပြခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားဝန်ကြီးဌာန၏ မူဝါဒများနှင့် စီမံချက်သုံးရပ် တိုးတက်အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်

နေပြည်တော် မေ ၂၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့က နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသော အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အကောင်အထည်ဖော်

ရှေးဦးစွာ ဝန်ကြီးကနိုင်ငံတော်က ချမှတ်တာဝန်ပေးထားသောအားကစား မူဝါဒများနှင့်ပတ်သက်၍လည်းကောင်း၊ အားကစားဝန်ကြီးဌာန၏ မူဝါဒများ၊ စီမံချက်(၃)ရပ်ဖြစ်သော ရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ အောင်နိုင်ရေးစီမံချက်များ ယခုထက် ပိုမိုတိုးတက်အောင်မြင်လာအောင် မိမိတာဝန်ကျရာ ဒေသများအလိုက် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ကိစ္စများနှင့် ပတ်သက်၍လည်းကောင်း ပြောကြားသည်။

အခြေအနေ

ထို့နောက် အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို တင်ပြပြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြည်နယ်နှင့် တိုင်းများအလိုက် လုပ်ငန်းတာဝန် ထမ်းဆောင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြသည်။

ဆက်လက်၍ ပြည်နယ်နှင့် တိုင်းများအလိုက်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာနများမှ တာဝန်ရှိသူများက မိမိတို့နှင့် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းများအလိုက်လည်းကောင်း၊အားကစားနှင့် ကာယပညာ သိပ္ပံ (ရန်ကုန်)နှင့် (မန္တလေး)တို့က အားကစားနှင့် ပညာရေး ပေါင်းစပ် လေ့ကျင့်ရေးသင်တန်း၊ အားကစား လေ့ကျင့်ရေးသင်တန်းတို့နှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ခံများက လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် သက်ဆိုင်ရာ ဌာနခွဲများက ပြန်လည် ရှင်းလင်းတင်ပြကြ၍ ဌာနခွဲ ညွှန်ကြားရေးမှူးများက ထပ်ဆင့်ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက်အားကစားနှင့်ကာယပညာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးကဆွေးနွေးတင်ပြချက်များအပေါ် ခြုံငုံသုံးသပ်၍ လိုအပ်သည်များကိုဖြည့်ဆည်းမှာကြားပြီးနိဂုံးချုပ် အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးက ၂၀၀၆–၂၀၀၇ခု ပညာသင်နှစ်အတွက် အားကစား ဝန်ကြီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးအဖြစ် မူလတန်းအဆင့်၅၇၂ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း၊အလယ်တန်းအဆင့် ၄၉၉ဦးအားတစ်ဦးလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အထက်တန်းအဆင့်၂၄၇ဦးအားတစ်ဦးလျှင် ငွေကျပ် ၂၅၀၀နှုန်းဖြင့်လည်းကောင်း၊တက္ကသိုလ်အဆင့်၂၂၇ဦးအားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀နှုန်းဖြင့်လည်းကောင်း စုစုပေါင်း ၁၅၄၅ဦးတို့အတွက်ပညာသင်ထောက်ပံ့ငွေကျပ် ၃၁၅၄၅၀၀ ကိုလည်းကောင်း ပြည်နယ်နှင့်တိုင်းအားကစားနှင့်ကာယပညာဦးစီးဌာနများအတွက်အားကစားဝတ်စုံများကိုလည်းကောင်း သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ကဆုန်လကွယ်နေ့ (ဥပုသ်နေ့)
၂၆–၅–၂၀၀၆ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဥ
- ၈:၁၅ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ မံဆောင်းတံတား (ချင်းပြည်နယ်)
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ English for Everyday Use
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒ၊ သတ္တဗေဒအထူးပြုများ) [ရူပဗေဒ]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ အကပြိုင်ပွဲ
- ၁၇:၀၅ ၆။ မြန်မာစာ၊ မြန်မာစကား
- ၁၇:၂၀ ၇။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း–၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ ဝိုင်းစုခိုင်သိန်း၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
- ၁၇:၃၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၁၇:၄၅ ၉။ ဘက်စုံဖွံ့ဖြိုးတိုးတက် နတ်ကြီးချောင်းကျေးလက်
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း–၁၂)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"** (အပိုင်း–၉)
- ၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ကျောင်းအပ်နှံရေးသီတင်းပတ်အခမ်းအနား နေပြည်တော်၌ကျင်းပ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပညာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများရှင်း စာရေးကိရိယာ၊ကျောင်းသုံးစာအုပ်နှင့် ကျောင်းဝတ်စုံများထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၂၅

၂၀၀၆–၂၀၀၇ ခု ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအေးလွင်နှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူကလေးများက ကျောင်းအပ်နှံရေးနေ့သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အမှာစကားပြော

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက ၂၀၀၆–၂၀၀၇ခုပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် လှုပ်ရှားမှုဆိုင်ရာ ဆောင်ရွက်မှုများနှင့် ပညာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် ပျဉ်းမနားမြို့ မြို့နယ်ပညာရေးမှူး ဦးလှထူးက မြို့နယ်အတွင်း ကျောင်းအပ်နှံရေးနေ့အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာ၊ ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ကျောင်းဝတ်စုံများကို အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ စေတနာရှင် အလှူရှင်များက အလှူငွေများ အသီးသီး ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် ကျောင်းအတွင်း အတန်းအလိုက် ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံမှုအခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ဝန်ကြီးက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် တာဝန်ရှိသူများသည် နေပြည်တော်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းသို့ ဆက်လက်သွားရောက်ပြီး ကျောင်းခန်းမ၌ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများကကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာ၊ ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးသည် အဆိုပါကျောင်း၌ မာလ်တီမီဒီယာ စာသင်ခန်း တပ်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးကာ တာဝန်ရှိသူများနှင့်အတူကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာ၊ ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆–၂၀၀၇ ပညာသင်နှစ်
ကျောင်းအပ်နှံရေး သီတင်းပတ်
မေလ ၂၅ရက် မှ ၃၁ရက်အထိ

မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍ ကျောင်းသုံးဖတ်စာအုပ်များကို ကျောင်းများတွင် ရောင်းချပေးမည်။

ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက် အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး



ဂျပန်နိုင်ငံ တိုကျိုမြို့အနောက်ဘက် ကာဝါဆာကီမြို့ရှိပြတိုက်တွင် အရှည် ၁၆ ဒသမ ၄ ပေနှင့် အလေးချိန် ၂၄၂၅ ပေါင်ရှိသော ငါးမန်းတစ်ကောင်အား ပြသထားသည်ကို မေ ၂၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်၏ စံနှုန်းနှစ်မျိုး နိုင်ငံခြားရေးမူဝါဒ အီဂျစ်သမ္မတ ဟော့စနီမူဘာရက် ဝေဖန်ပြောကြား

ရှမ်အယ်ရှိတ် မေ ၂၅

အီဂျစ်နိုင်ငံ ပင်လယ်နီအပန်းဖြေစခန်း ရှမ်အယ်ရှိတ်၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ် (ဒဗလျူအီးအက်ဖ်)ကို အီဂျစ်သမ္မတ ဟော့စနီ မူဘာရက်က စနေနေ့တွင် တက်ရောက်ဖွင့်လှစ်ပေးသည်။

သုံးရက်ကြာ ကျင်းပသည့် ဒဗလျူအီးအက်ဖ် ညီလာခံအဖွင့်မိန့်ခွန်းတွင် သမ္မတမူဘာရက်က အံ့အားသင့်ဖွယ်ဝေဖန်ပြောကြားသဖြင့် အီဂျစ်နှင့် ၎င်း၏ မဟာမိတ်နှင့် အကျိုးတော်ဆောင် အမေရိကန်တို့အကြား ဆက်ဆံရေး တင်းမာနေကြောင်းကို ပြသလိုက်ခြင်းဖြစ်သည်ဟု အေပီကရေးသားလိုက်သည်။

အမေရိကန်နိုင်ငံသည် ဈူကလီးယားအရေးနှင့်ပတ်သက်၍ စံနှုန်းနှစ်မျိုးထားသည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံတကာ သဘောထားကိုဆန့်ကျင်ကာ အီရတ်အား ကျူးကျော်ခဲ့သည့်ပြင် အနောက်အုပ်စုပုံစံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အဓမ္မသွတ်သွင်းလျက် အီဂျစ်အပါအဝင် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေကြောင်း သမ္မတမူဘာရက်က ရည်ညွှန်းပြောကြားလိုက်သည်။

နိုင်ငံရေး ပြုပြင်ပြောင်းလဲပေးမည်ဟူသော ကတိများအတိုင်း မဆောင်ရွက်သဖြင့် သမ္မတမူဘာရက်မှာ မကြာမီလများအတွင်းတွင် အမေရိကန်၏ ဝေဖန်မှုကို အကြိမ်ကြိမ်ခံရသည်။

အမေရိကန် ဈူကလီးယားမူဝါဒရေးရာတွင် သမ္မတမူဘာရက်က စံနှုန်းနှစ်မျိုးမြင်ရကြောင်း ပြောကြားလိုက်သည်။ ထိုမူဝါဒအရ ပိုင်ဆိုင်ထားပြီဟု ယုံကြည်ရသည့် အစ္စရေးဈူကလီးယားလက်နက်တိုက်နှင့်ပတ်သက်၍ အမေရိကန်အစိုးရက ရှောင်နှုတ်ပိတ်နေပြီး တစ်ချိန်တည်းမှာပင် အီရန်၏ ဈူကလီးယား အစီအစဉ်ကို တားမြစ်ပိတ်ပင်ရန် အမေရိကန် အစိုးရက တွန်းအားပေးဆောင်ရွက်နေသည်ဆို၏။

အီဂျစ်သမ္မတ ဟော့စနီမူဘာရက်

စီးပွားရေး အင်အားကြီးနိုင်ငံများအတွက် ဝန်ထုပ်ဝန်ပိုးများထမ်းနေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ ပိုမိုတန်းတူညီမျှသော စီးပွားရေးနှင့် ကုန်သွယ်ရေး ဆက်ဆံမှုများရှိရန် လိုအပ်ကြောင်းဖြင့်လည်း သမ္မတမူဘာရက်က ပြောဆိုသည်။

အရှေ့အလယ်ပိုင်းဒေသအတွင်း ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများမှာ ပြင်ပမှမဟုတ်ဘဲ ဒေသတွင်းမှ စတင်သင့်ကြောင်းဖြင့်လည်း ၎င်းက ထည့်သွင်းပြောဆိုသည်။

အမ်အင်အေ၊ အေပီ

ပေကျင်း၌ဂျာမနီဝန်ကြီးချုပ်နှင့် တရုတ်ဝန်ကြီးချုပ်တွေ့ဆုံ အီရန်ဈူကလီးယားအရေးနှင့် ကုန်သွယ်ရေးကိစ္စဆွေးနွေး

ပေကျင်း မေ ၂၅

ဂျာမနီဝန်ကြီးချုပ် အင်ချလာမာကဲ တရုတ်ခေါင်းဆောင်များနှင့် ပေကျင်းမြို့၌ ယမန်နေ့က တွေ့ဆုံစဉ် လူ့အခွင့်အရေးကိစ္စ၊ အီရန်၏ဈူကလီးယားအစီအစဉ်အပေါ် ကြုံတွေ့ရသည့် အကျပ်အတည်းနှင့် ကုန်သွယ်ရေးကိစ္စများကို ဆွေးနွေးကြသည်။ (ယာအောက်ပုံ)

ဂျာမနီဝန်ကြီးချုပ် မာကဲ၏ တရုတ်ခရီးစဉ်မှာ ဂျာမနီဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ယူကတည်းက ပေကျင်းသို့ ပထမဆုံးလာရောက်သည့် ခရီးဖြစ်သည်။

ညှေ့သည်တော် ဂျာမနီဝန်ကြီးချုပ်သည် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် ပြည်သူ့ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

အီရန်နိုင်ငံအနေဖြင့် ဈူကလီးယား အင်အားကြီးနိုင်ငံတစ်နိုင်ငံ မဖြစ်သင့်ကြောင်း မိမိတို့နှစ်နိုင်ငံစလုံးက သဘောတူသည်ဟု တရုတ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံအပြီး ဂျာမနီဝန်ကြီးချုပ် မာကဲက ပူးတွဲသတင်းစာရှင်းပွဲတွင် ပြောကြားလိုက်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် တရုတ်နိုင်ငံက အီရန်အား အင်အားသုံးခြင်း သို့မဟုတ် ပိတ်ပင်အရေးယူခြင်းကို ဆန့်ကျင်ကြောင်း ကြေညာထားပြီး ဖြစ်သည်။

အမ်အင်အေ၊ အေအက်ဖ်ပီ

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ရုပ်မြင်သံကြား ကင်မရာ ၁၀၀ကျော် စင်ကာပူရှိ လမ်းဆုံများ၌ တပ်ဆင်မည်

စင်ကာပူ မေ ၂၅

စင်ကာပူနိုင်ငံတွင် အသစ်ဖွဲ့စည်းလိုက်သည့် ရဲတပ်ဖွဲ့နှင့် သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့၏ စီမံကိန်းသစ်သုံးခု၏ ဆောင်ရွက်မှု အောက်တွင် စင်ကာပူရှိလမ်းများကို စောင့်ကြည့်မည့် အီလက်ထရွန်နစ် ရုပ်မြင်သံကြား ကင်မရာ ၁၀၀ ကျော်ကို လာမည့်နှစ်၌ အပြီးတပ်ဆင်သွားမည့် ဆောင်ရွက်မှုလည်း တစ်ခုအပါအဝင် ဖြစ်ကြောင်း သည်စထရိတ်တိုင်းမ် သတင်းစာက မေ ၂၂ ရက်တွင် ဖော်ပြသည်။

မြေပြင်သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့သည် ယာဉ်သွားလမ်းဆုံ ၆၇ ခုတွင် အဆိုပါကင်မရာများကို တပ်ဆင်အသုံးပြုသွားမည်ဖြစ်ပြီး စင်ကာပူရဲတပ်ဖွဲ့ကလည်း ရက်ဖလီးစ်စီးတီးဒေသရှိလမ်းဆုံ ၉၁ ခုတွင်တပ်ဆင် အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။

၎င်းပြင် ရဲတပ်ဖွဲ့သည် ယင်းကင်မရာများကို ၎င်းတို့၏ဌာနချုပ်နှင့် ဆက်သွယ်ကာ ဥပဒေမဲ့လုပ်ရပ်များနှင့် မသင်္ကာဖွယ်ဆောင်ရွက်ချက်များကို စောင့်ကြည့်ကြမည်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် အာဏာပိုင်အဖွဲ့ကလည်း လမ်းမြင်ကွင်းများကို စောင့်ကြည့်ရင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ်များ ဖြစ်ပွားပါကလည်း ဆောင်ရွက်နိုင်ရန် လုံခြုံရေးအတွက် စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်သည်။

လာမည့်နှစ် တတိယသုံးလပတ်တွင်တပ်ဆင်သွားမည့် အဆိုပါကင်မရာများကို မြို့အနီးရှိစီးပွားရေး အချက်အချာခရိုင်များနှင့် လမ်းဆုံ ၁၀၉ ခုတွင် စတင်အသုံးပြုသွားမည်ဖြစ်သည်။ **(အင်တာနက်)**

အီရတ်မှတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး ဝန်ကြီးချုပ်ဘလဲနှင့် သမ္မတဘုရှ်ဆွေးနွေးမည်

လန်ဒန် မေ ၂၅

ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲသည် အီရတ်မှတပ်များ အမြန်ရုပ်သိမ်းရေးအတွက် အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်နှင့် ယခုရက်သတ္တပတ်အတွင်း တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဗြိတိသျှသတင်းစာ ဂါးဒီးယန်းက အင်္ဂါနေ့တွင် ဖော်ပြသည်။

မျှော်မှန်းထားသည်ထက်များစွာစောပြီး တပ်များရုပ်သိမ်းရေးကိစ္စကို ဆွေးနွေးရန် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် ဝါရှင်တန်သို့ ယခုရက်သတ္တပတ်ကုန်တွင် သွားရောက်မည်ဖြစ်ကြောင်း ဂါးဒီးယန်းသတင်းစာက ရေးသားသည်။

အီရတ်နိုင်ငံ တောင်ပိုင်း၌ တပ်ဖွဲ့ဝင် ၈၀၀၀ ဖြန့်ကြက်ထားသည့် ဗြိတိန်နိုင်ငံက မူသာနာပြည်နယ်ရှိအီရတ်တပ်ဖွဲ့ဝင်များထံ ဇူလိုင်လတွင် လုံခြုံရေးတာဝန် လွှဲပြောင်းပေးမည်ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြလိုက်သည်။

အီရတ်နိုင်ငံ၌ တပ်ဖွဲ့ဝင် ၁၃၀၀၀၀ ဖြန့်ကြက်ထားသည့် အမေရိကန်နိုင်ငံက နာဂျက်မြို့ကို အီရတ်တပ်ဖွဲ့ဝင်များသို့ တာဝန်စတင် လွှဲအပ်ပေးပြီး နှစ်ကုန်ပိုင်းတွင် အခြားဒေသများ၌ အလားတူလွှဲအပ်မည်ဆို၏။

နှစ်ကုန်တွင် အီရတ်၌ ဗြိတိန်တပ်ဖွဲ့ဝင် ၅၀၀၀နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀၀ သာကျန်မည်ဖြစ်ပြီး လေးနှစ်အတွင်း အပြီးအပိုင်လွှဲအပ် ရုပ်သိမ်းနိုင်မည်ဆို၏။ **အမ်အင်အေ၊ ဆင်ဟွာ**

အီတလီအက်ဖ်–၁၆ ဂျက်လေယာဉ်နှစ်စင်းတိုက်မိ

ရောမ မေ ၂၅

အီတလီလေတပ်အက်ဖ်–၁၆ ဂျက်လေယာဉ်နှစ်စင်း တိုက်မိပြီး မြေထဲပင်လယ်ထဲသို့ ထိုးကျသွားခဲ့ကြောင်း အီတလီသတင်း အေဂျင်စီက မေ ၂၃ ရက်၌ ပြောကြားသည်။

သို့သော် ဂျက်လေယာဉ်မှူးနှစ်ဦးစလုံးသည် ထိုင်ခုံတွင် တပ်ဆင်ထားသော တွန်းကန်အားစနစ်ကြောင့် ဘေးကင်းမှုရရှိခဲ့သည်။ ယင်းဂျက်လေယာဉ်နှစ်စင်းသည် တနင်္လာနေ့က လေထဲတွင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

လယ်ထွန်စက်ထုတ်လုပ်

တရုတ်နိုင်ငံ ဟေနန်ပြည်နယ်ရှိလယ်ထွန်စက်ထုတ်လုပ်ရေးစက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို မေ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကုလအတွင်းရေးမှူးချုပ်၏ ခြောက်နိုင်ငံခရီးစဉ် ထိုင်းနိုင်ငံသို့ နောက်ဆုံးဝင်ရောက်လည်ပတ်မည်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်

ဗန်ကောက် မေ ၂၅

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ထိုင်းနိုင်ငံသို့ ယခုရက်သတ္တပတ်အတွင်း လာရောက် လည်ပတ်မည်ဖြစ်သည်။ ထိုင်းနိုင်ငံခရီးစဉ်အတွင်း မစ္စတာကိုဖီအာနန်သည် ထိုင်းဘုရင် ဘူမိဘောအဒူလျာဒက်အားရာသက်ပန်အောင်မြင်မှုဆုကို ပေးအပ်မည်ဖြစ်သည်။

မီးမောင်းထိုးပြ

ထိုင်းနိုင်ငံတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ကြာသပတေးနေ့မှ စနေနေ့အထိ နေထိုင်မည်ဖြစ်သည်။ ကိုဖီအာနန်၏ ထိုင်းခရီးစဉ်က ထိုင်းဒုတိယဝန်ကြီးချုပ် ဆူရာကီယက်၏ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးရရှိရေးကြိုးပမ်းမှုကို မီးမောင်းထိုးပြသလိုလည်း ဖြစ်မည်ဆို၏။ ထို့ပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံမည့် ဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်ကိုလည်း အာရုံစိုက်စရာဖြစ်စေသည်။

ဝင်ရောက်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ခြောက်နိုင်ငံခရီးစဉ်အဖြစ် သြစတြေးလျ၊ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့သို့သွားရောက်အပြီးတွင် ထိုင်းနိုင်ငံသို့ ဝင်ရောက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မသန့်ရှင်းသောရေသောက်မိ၍ ပါကစ္စတန်၌လူခုနစ်ဦးသေဆုံး

အစ္စလမ်မာဘတ် မေ ၂၅

ပါကစ္စတန်အရှေ့ပိုင်း၌ လူခုနစ်ဦး မသန့်ရှင်းသော မိလ္လာညစ်ညမ်းရေများ သောက်မိ ကြသဖြင့် သေဆုံးသွားကြောင်း တာဝန်ရှိသူများက မေ ၂၃ရက်၌ ပြောကြားသည်။

မိလ္လာပိုက်တစ်ခုသည် ဖိုင်ဆာလာဘတ်မြို့ လူနေထူထပ်ရာ အရပ်၌ ရေပေးဝေသော ပိုက်အတွင်းသို့ ဝင်ရောက်ကာစီးဝင်ခဲ့ရာမှ သောက်ရေများ ညစ်ညမ်းခဲ့ကြောင်း၊ ယင်း ညစ်ညမ်းရေများကို သောက်သုံးမိ၍ လူခုနစ်ဦး သေဆုံးပြီး လူရာပေါင်းများစွာ နာဖျားလျက် ဆေးရုံ၊ ဆေးခန်းများသို့ တင်ထားရကြောင်း ခရိုင်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အများစုမှာ ကလေးများဖြစ်ကြပြီး ဝမ်းရောဂါများ၊ ပျို့အန်ခြင်းများ ခံစားရကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကန်သမ္မတ၏ဒီမိုကရေစီ စိုးရိမ်ပူပန်မှု ဘိုလီးဗီးယားသမ္မတ ပယ်ချ

လာပက်ဇ်(ဘိုလီးဗီးယား) မေ ၂၅

ဘိုလီးဗီးယားနိုင်ငံ၌ ဒီမိုကရေစီစနစ် ပျက်သုဉ်းလာခြင်းကို အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်က စိုးရိမ်ပူပန်မိကြောင်း ပြောကြားလာခြင်းအား ဘိုလီးဗီးယားသမ္မတ အီဗိုမိုရာလက်က ပယ်ချလိုက်ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီအေဘီအိုင်က မေ ၂၂ ရက်တွင် သတင်းဖော်ပြသည်။

ရေနံနှင့်ဓာတ်ငွေ့ ချမ်းသာကြွယ်ဝသော ဗင်နီဇွဲလားနှင့် ဘိုလီးဗီးယားတို့တွင် ဒီမိုကရေစီစိုးရိမ်ပူပန်မှုဖြစ်ရကြောင်း ဘုရှ်က မေ ၂၂ ရက်၌ ပြောကြားလိုက်သည်။

ပြောကြား

ဘိုလီးဗီးယား ဆီးနိတ်ခေါင်းဆောင် ဆန်တို့စ်ရာမီယာရက်က ဘိုလီးဗီးယားအစိုးရက ရွေးကောက်ပွဲကတိပေးမှုများအတိုင်း ဆက်လက်ထိန်းထားမည်ဖြစ်ကြောင်း ပြောကြားသည်။

လျော့နည်း

မိုရာလက်သည် ဒီဇင်ဘာလက ရွေးကောက်ပွဲတွင်အနိုင်ရပြီး သမ္မတဖြစ်လာသည်။ ၎င်းသည် ကိုကာ လယ်သမားများ၏ ခေါင်းဆောင်ဖြစ်သည်။ ၎င်းသည် ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရန်အတွက် လွတ်လပ်သောစီးပွားရေးမူဝါဒများဖြင့် လက်တင်အမေရိကကိုဖြတ်၍ စီးပွားရေးလမ်းကြောင်း ဖွင့်ပေးထားသည်။

တင်းမာ

အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့ ဆက်ဆံရေးတင်းမာလာမှုကြောင့် မိုရာလက်နှင့် ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်တို့မှာ ရင်းနှီးမှုပိုမို ရရှိခဲ့သည်။

ဘိုလီးဗီးယားနိုင်ငံသည် တောင်အမေရိကတိုက်တွင် အဆင်းရဲဆုံးနိုင်ငံဖြစ်သည်။ သို့ရာတွင် တောင်အမေရိကတိုက်၌ သဘာဝဓာတ်ငွေ့အများဆုံး ထွက်ရှိသည့် နိုင်ငံဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ခရီးသည်အိတ်များ အခိုးခံရမှုထိန်းချုပ်ရန် အီသီယိုးပီးယားလေကြောင်း လုံခြုံရေးတိုးမြှင့်

ဒါရက်ဆလမ် မေ ၂၅

ဒါရက်ဆလမ်လေဆိပ်တွင် ခရီးသည်များ၏ ခရီးဆောင်အိတ်များအတွင်းမှ ပစ္စည်းများခိုးယူနေခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် လုံခြုံရေးကို ထပ်မံအင်အားဖြည့်တင်းဆောင်ရွက်မည်ဟု အီသီယိုးပီးယား လေကြောင်းလိုင်းက မေ ၂၃ရက်၌ ကတိပေးခဲ့သည်။

အီသီယိုးပီးယားအဲယားလိုင်းသည် လုံခြုံရေးအင်အားဖြည့်တင်းရန်အတွက် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကုမ္ပဏီကိုငှားလိုက်ကြောင်း ဒေသဆိုင်ရာမန်နေဂျာ မာသာတီလာဟမ်က ပြောကြားသည်။

လေဆိပ်တွင် အခိုးခံရခြင်းနှင့် ပတ်သက်၍ခရီးသည်များ၏ တိုင်တန်းချက်များဖြစ်ပေါ်ခဲ့ပြီးနောက် ယင်းဆောင်ရွက်ချက်ကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များကို ခရီးသည်များ၏အိတ်များအားစောင့်ကြည့်ရန်အတွက် ချထားမည်ဖြစ်ကြောင်း ကီလာဟမ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဟန်ဘာဂါမုန့်

ကြီးမားသော ဟန်ဘာဂါမုန့်ကြီးကို တွေ့ရစဉ်။ (ယာပုံ)

သြစတြေးလျနိုင်ငံ ဆစ်ဒနီ မြို့ရှိ စားသောက်ဆိုင် တစ်ဆိုင် ရှေ့တွင် စားသုံးသူများအား ဆွဲဆောင်နိုင်ရန်အတွက် ကြီးမားသော ဟန်ဘာဂါမုန့်ကြီးကို ပြုလုပ်၍ ဆိုင်ရှေ့တွင် ပြသထားခြင်း ဖြစ်သည်။

(အင်တာနက်)



ပျော်ပြေ

ကုလားမ ခြေထောက်များ တပ်၍ ကပြဖျော်ဖြေနေသော အကအဖွဲ့တစ်ဖွဲ့ကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ဟောနန်ပြည်နယ် ကီဖန်းဒေသရှိ ပန်းခြံတွင် အကအဖွဲ့တစ်ဖွဲ့သည် အပန်းဖြေလာရောက်သူများအား ကုလားမ ခြေထောက်များ တပ်ဆင်၍ တစ်မူထူးခြားစွာ ကပြဖျော်ဖြေ နေခြင်းဖြစ်သည်။

(ဓာတ်ပုံ-အင်တာနက်)

လေယာဉ်ခရီးစဉ်များ အမေရိကန်နှင့်ဗင်နီဇွဲလား ပြန်လည်စတင်

ကာရာကတ် မေ ၂၅

အမေရိကန် လေကြောင်းလိုင်းနှင့် ဗင်နီဇွဲလားအေရိုပို့စတယ်လေကြောင်းလိုင်းများကို အမေရိကန်နှင့် ဗင်နီဇွဲလား နှစ်နိုင်ငံကြား ပျံသန်းမှုခရီးစဉ်များ မေ ၂၂ရက်က စတင်ပျံသန်းနေပြီ ဖြစ်သည်။

ယင်းလေကြောင်းလိုင်းများကို ကာရစ်ဘီယံဒေသရှိ မီးတောင်မှပြာများမှုတ်ထုတ်နေသောကြောင့် ပျံသန်းမှုခရီးစဉ်များကို ဆိုင်းငံ့ထားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ မြောက်ပိုင်းမွန်ဆာရက်ကျွန်းပေါ်ရှိ မီးတောင်ထိပ်ဝ စနေနေ့ကပြိုကျခဲ့သဖြင့် မီးတောင်အပျက်အစီး အစအနနှင့် ပြာများသည် ၁၆ ကီလိုမီတာအမြင့်ထိ ကောင်းကင်ထဲသို့ မှုတ်ထုတ်နေသောကြောင့် လေကြောင်းခရီးစဉ်များကို တနင်္ဂနွေနေ့က ပယ်ဖျက်ခဲ့သည်။ ထို့ကြောင့် ခရီးသည်ထောင်ချီ၍ သောင်တင် နေခဲ့ရသည်။

အမေရိကန် လေကြောင်းလိုင်းသည် ဗင်နီဇွဲလားမှမိယာမီ၊ အိုမာနိုတာရိုပျံသန်းမှု ခရီးစဉ်များကို တနင်္လာနေ့က ပထမဆုံး စတင်ပျံသန်းခဲ့ခြင်းဖြစ်သည်။

မီးတောင်မှထွက်ရှိသော ပြာတိမ်တိုက်များသည် တဖြည်းဖြည်း အားပျော့လာလျက်ရှိသည်။ သို့သော် ယင်းအခြေအနေသည် ထိခိုက်လာနိုင် သောအခြေအနေတွင် ရှိနေသေးသည်။

ထို့ကြောင့် အေရိုပို့စတယ် လေကြောင်းသည် မီးတောင်ပြာ တိမ်တိုက်များကို စောင့်ကြည့်ရန်အတွက် ဗင်နီဇွဲလား ပြည်သူ့လေကြောင်း အာဏာပိုင်များ၊ ရာသီဥတုကြိုတင်ခန့်မှန်းသူများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်သတင်းစာဆရာများအား သေနတ်ကိုင်ဆောင်ခွင့်ပေးမည်

မနီလာ မေ ၂၅

သတင်းစာဆရာများ သေဆုံးမှု မြင့်တက်လာသောကြောင့် ဖိလစ်ပိုင်အစိုးရသည် သတင်းစာဆရာများအား အိမ်ပြင်ထွက်သည့်အခါ သေနတ်ကိုင်ဆောင်ခွင့် ပြုမည်ဖြစ်ကြောင်း တရားရုံးမှ တာဝန်ရှိသူတစ်ဦးက မေ ၂၃ရက်၌ ပြောကြားသည်။

ထပ်လောင်းပြောကြား

ယင်းအဆိုပြုချက်ကို ဝန်ကြီးများအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတွင်း၌ တနင်္လာနေ့က သတင်းစာဆရာတစ်ဦး ထပ်မံသေဆုံးခဲ့သဖြင့် ယခုနှစ်အတွင်းတွင် သေဆုံးသူ ငါးဦးရှိသွားပြီဖြစ်သည်။ သေဆုံးသူများသည် လျှို့ဝှက်သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် သတင်းစာဆရာများ မိမိကိုယ်မိမိ ကာကွယ်နိုင်ရန်အတွက် သေနတ်များ ကိုင်ဆောင်ခွင့်ပြုသွားမည်ဖြစ်သည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဝါးနက်ကုန်းစံပြကျေးရွာရှိ ရောင်နီဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် အလှူငွေနှင့်စာအုပ်မျိုးစုံလှူဒါန်းသည့် အခမ်းအနားအပြီးတွင် ရောင်နီဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး လှည်းကူးမြို့နယ်စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်မျိုးစုံလှူဒါန်း

ရန်ကုန် မေ ၂၅

ကျေးလက်ပြည်သူများ အသိဉာဏ်ဗဟုသုတ တိုးတက်မြင့်မားစေရန်နှင့် စာပေဖတ်ရှုလေ့လာသည့် အလေ့အထ ပွားများလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဝါးနက်ကုန်းစံပြကျေးရွာရှိ ရောင်နီဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်မျိုးစုံလှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဌာနကြီးမှူး ဒေါ်မြမြနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လှည်းကူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက အလှူငွေကျပ်ငါးသောင်းနှင့် သုတရသစာအုပ်မျိုးစုံ ၁၀၁၀၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးရာဌာနမှူး ဒေါ်ဖြူဖြူညွန့်က အလှူငွေကျပ်သုံးသောင်းနှင့် စာအုပ်မျိုးစုံ ၂၀၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမြသင်းက စာအုပ် စာစောင် ၅၀၀၊ လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အလှူငွေကျပ်ငါးသောင်း၊ လှည်းကူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဝင်းက နာရီတစ်လုံးနှင့် စာအုပ်မျိုးစုံ ၁၀၀၊ MWDC စက်ရုံက အလှူငွေကျပ်သုံးသောင်း၊ လှည်းကူးမြို့နယ် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက အလှူငွေကျပ် သုံးသောင်း၊ လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်နှစ်သောင်း၊ လှည်းကူးမြို့နယ်ရှိ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ (၁၃၆) မော်တော်ယာဉ်လိုင်း၊ (၁၃၅)မော်တော်ယာဉ်လိုင်း၊ မြဝတီမော်တော်ယာဉ်လိုင်းနှင့် ဝါးနက်ကုန်းစံပြကျေးရွာ အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်တစ်သောင်းစီနှင့် ဝါးနက်ကုန်းကျေးရွာမှ အလှူရှင်တစ်ဦးက စာအုပ်မျိုးစုံ ၇၀ အပါအဝင် စုစုပေါင်းငွေကျပ် နှစ်သိန်းရှစ်သောင်းနှင့် သုတရသစာအုပ်မျိုးစုံ ၁၆၈၀၊ နာရီတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ ဝါးနက်ကုန်းစံပြကျေးရွာ ရောင်နီဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးသိန်းလွင်က လက်ခံသည်။

ဆက်လက်၍ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းလွင်က ယခုကဲ့သို့ အလှူငွေ၊ စာအုပ် စာစောင်များ လာရောက်လှူဒါန်းသည့်အတွက် ကျေးလက်ပြည်သူများ၊ စာပေဖတ်ရှုသည့်အလေ့အထ ပိုမိုပွားများလာပြီး အသိဉာဏ်ဗဟုသုတများ တိုးပွားကာ ယဉ်ကျေးလိမ္မာသည့် အမျိုးကောင်းသားများဖြစ်လာသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြန်ကြားရေးဌာနကြီး ဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် ရောင်နီဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပျိုးပင် ပြုစုပျိုးထောင်ထား မိုးကုတ်လမ်းများတွင် ပြောင်းရွှေ့စိုက်ပျိုးသွားမည်

ရန်ကုန် မေ ၂၅

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မင်းတံတားရပ် ပျိုးဥယျာဉ်တွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မျိုးစေ့ချပျိုးထောင်လျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပျိုးပင်များဖြစ် ထွန်းနေမှုကို မေ ၁၅ ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ပျိုးထောင်ထားရှိမှုနှင့် ရွှေ့ပြောင်းစိုက်ပျိုးသွားမည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။

(အောက်ဝဲပုံ) အဆိုပါပျိုးဥယျာဉ်တွင် ကိုင်းထိုးစိုက်ပျိုးသည့် ပျိုးပင် ၃၈၀၀၀ နှင့် အစေ့ချပျိုးပင် ၄၅၀၀၀ ပျိုးထောင်ထားရှိရာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးရွာချင်းဆက်လမ်းများတွင် ပြောင်းရွှေ့စိုက်ပျိုးသွားမည်ဖြစ်ပြီး လိုအပ်သည့် ပျိုးပင်များ ပြည့်မီရေး အတွက် ဆက်လက်ပျိုးထောင်လျက်ရှိသည်။

(မြို့နယ်စည်ပင်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

အစ္စတန်ဘူလ်လေဆိပ်၌ မီးလောင်မှုဖြစ်ပွား

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မေ ၂၄ ရက်က မီးလောင်မှုတစ်ရပ်ဖြစ်ပွားရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။ **(အောက်ပုံ)**

ခေတ္တရပ်ဆိုင်း

မီးလောင်မှုဖြစ်ပွားရခြင်းမှာ လေဆိပ်ရှိ ကုန်ပစ္စည်းများထားရှိရာဂိုဒေါင်မှ မီးလောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်ကျွမ်းမှု ပြင်းထန်သဖြင့် လေယာဉ်ခရီးစဉ်များ ခေတ္တရပ်ဆိုင်းထားခဲ့ရသည်။

မီးလောင်မှုကြောင့် မီးခိုးလုံးကြီးများ အစ္စတန်ဘူလ်လေဆိပ်အထက် မီတာ ၃၀ အမြင့်အထိ တက်လျက်ရှိပြီး ဝေဟင်၌ မီးခိုးများ ဖုံးလွှမ်းသွားသဖြင့် လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းခဲ့ရခြင်းဖြစ်သည်။

ကယ်ဆယ်ရေး

အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် မီးသတ်အဖွဲ့ဝင်များက ခေတ်မီယန္တရားများအကူအညီဖြင့် မီးငြိမ်းသတ်ပေးပြီး ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်ပေးခဲ့သည်။

မီးလောင်ကျွမ်းမှုမှာ လျှပ်စစ်ကြိုးများကြောင့်ဖြစ်ကြောင်း စုံစမ်းစစ်ဆေးမှုအရ သိရသည်။ အဆိုပါမီးလောင်မှုကြောင့် လူသုံးဦးဒဏ်ရာရရှိခဲ့သည်ဟု သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ **(ကိုးကား-အင်တာနက်)**

ရာသီဥတုပြောင်းလဲမှု လူ့ပယောဂမကင်း

ရာသီဥတုအပြောင်းအလဲတွင် လူ့ပယောဂကြောင့် ပြောင်းလဲသွားစေသည့် သက်သေခံအထောက်အထား တွေ့ရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ၌ ကောက်ချက်ချ ဖော်ပြထားသည်။

ဖော်ပြ

အစိုးရ၏ တာဝန်ပေး စေခိုင်းချက်အရ ရာသီဥတုပြောင်းလဲမှု သိပ္ပံအစီအစဉ်မှ ပညာရှင်များက လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ အတွင်း တွေ့ရသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အလားအလာများမှာ သဘာဝဖြစ်စဉ်ဖြစ်ရပ်များ၏ ပယောဂသက်သက်ကြောင့် မဟုတ်ကြောင်း အစီရင်ခံစာ၌ ဖော်ပြလိုက်သည်။

အပူချိန်

လေထုအောက်ပိုင်းနှင့်တကွ ကမ္ဘာ့မြေမျက်နှာပြင်ပေါ်တွင် အပူချိန် ပိုမိုမြင့်လာကြောင်း တွေ့ရသည်ဟုလည်း ထည့်သွင်းဖော်ပြသည်။

ရာသီဥတု အပူအအေးတိုင်းတာရာတွင် ၁၉၅၀ပြည့်လွန်နှစ်များမှစ၍ လေထုအတွင်းသို့ ရာသီဥတုလေ့လာရေး ပူးဖောင်းများကို မြေပြင်မှလွှတ်တင်ခဲ့သည်။ ထိုစဉ်က လေ့လာမှုများတွင် ကမ္ဘာမြေပြင်ပေါ်၌ အပူချိန်တက်သည့် အထောက်အထားများရရှိသော်လည်း လေထုအောက်ပိုင်းလွှာမှာမူ ပူနွေးလာခြင်းမရှိဟု သုံးသပ်ခဲ့သည်။

နောက်ဆုံးတွေ့ရှိချက်များအရမူ ကမ္ဘာမြေမျက်နှာပြင်ပေါ်မှာကဲ့သို့ပင် လေထုအောက်ပိုင်းတွင်လည်း အပူချိန်မြင့်တက်လာကြောင်း သက်သေအထောက်အထား တွေ့ရှိသည်ဟု သိရသည်။

လူ့ပယောဂ

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုတွင် သဘာဝဖြစ်စဉ်ရော၊ လူ့ပယောဂရော အကျုံးဝင်ပတ်သက်သည်ဟု ကောက်ချက်ချလိုက်သည်ဆို၏။

(ကိုးကား-အင်တာနက်)

လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသမှပြည်သူများ လူမှုရေးဘဝမြင့်မားလာစေရန်စိတ်ရင်းစေတနာမှန်ဖြင့် လမ်း၊ တံတားကြီးများကို ငွေကြေး၊ လူအင်အားနှင့် အတတ်ပညာစွမ်းအားများစွာ ရင်းနှီးမြှုပ်နှံတည်ဆောက်ပေးနေ

✡ *ကျော်ဖုံးမှ*

အဓိကကျ

တံတားဖွင့်ပွဲအခမ်းအနားတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ တွံတေးတူးမြောင်းကို ဖြတ်သန်းပြီး တည်ဆောက်ခဲ့သည့် တွံတေးတံတားကြီးသည် ဒလ–တွံတေး–လှိုင်သာယာလမ်းမကြီး၏ အဓိကအကျဆုံးနှင့် အရေးအပါဆုံး အစိတ်အပိုင်းတစ်ရပ်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ယခုတံတားကြီးသည် ရန်ကုန်မြို့မှ ရေကြောင်းလမ်း ကူးတို့ဖြင့် ကူးသန်းသွားလာနေခဲ့ရသည့် ဒလ–တွံတေး–ကွမ်းခြံကုန်းမြို့နယ်များကို လှိုင်သာယာလမ်းကတစ်ဆင့် ရန်ကုန်မြို့နှင့် ပထမဆုံးအကြိမ်အဖြစ် မော်တော်ကားလမ်းဆက်စပ်မိစေသည့် တံတားကြီးလည်းဖြစ်ကြောင်း။

ထူးခြားသည့် အကျိုးကျေးဇူး

ဒေသနေပြည်သူများအတွက် အရေးပါလှသည့် တွံတေးတံတားကြီးကို ယနေ့ ဖွင့်လှစ်လိုက်နိုင်ပြီဖြစ်ခြင်းကြောင့် ဒလ–တွံတေး–လှိုင်သာယာ လမ်းမကြီးသည်လည်း ရည်မှန်းချက်များနှင့်အညီ ပြည့်ပြည့်ဝဝ ပေါ်ထွန်းလာခဲ့ပြီဖြစ်ပြီး ဒေသခံပြည်သူများအတွက် ထူးခြားသည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ကြတော့မည်ဖြစ်ကြောင်း။

ရန်ကုန်မြို့နှင့် နီးကပ်လှသော်လည်း လှိုင်မြစ်ကြီး ခြားနေခြင်းကြောင့် အနေဝေးခဲ့ရသည့် ဒလ–တွံတေး–ကွမ်းခြံကုန်းမြို့နယ်များနှင့်တကွ လှိုင်မြစ်တစ်ဖက်ကမ်းက ကျေးရွာများအားလုံးကို ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည့် လှိုင်သာယာစက်မှုမြို့နှင့် ဆက်စပ်ပေးနိုင်ရန် ရည်စူးဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာနှင့် မဆုတ်နစ်သည့် အားထုတ်မှုများ လက်တွေ့ရုပ်လုံးပေါ်လာပြီဟုလည်း ဆိုရမည်ဖြစ်ကြောင်း။

အကျိုးဖြစ်ထွန်း

လှိုင်မြစ်ကူးတံတားကြီးများဖြစ်သည့် ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတားနှင့် ရွှေပြည်သာတံတားတို့၏ အကျိုးကျေးဇူးကြောင့် ရန်ကုန်မြို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာနေသည့် လှိုင်သာယာစက်မှုမြို့၏ တိုးတက်ဖြစ်ထွန်းမှုအရှိန်အဟုန်သည် ယခုပေါ်ထွန်းလာပြီဖြစ်သည့် တွံတေးတံတားကြီးနှင့်တကွ ဒလ–တွံတေး–လှိုင်သာယာ လမ်းမကြီးက ဖြတ်သန်းပြီး ဒလ၊ တွံတေး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် လမ်းခရီးဝန်းကျင်က ကျေးရွာများအားလုံးကို အကျိုးဖြစ်ထွန်းစေမှာ ဧကန်မလွဲပင် ဖြစ်ကြောင်း။

ထို့အပြင် တွံတေး–ကွမ်းခြံကုန်းကတစ်ဆင့် ဒေးဒရဲတံတားကြီးကို ဖြတ်သန်းပြီး ဧရာဝတီတိုင်းနှင့် ဆက်စပ်မိပြီဖြစ်သည့်အတွက် ဧရာဝတီတိုင်းအဖို့ ထွက်ပေါက်တစ်ခု တိုးပွားလာခြင်းဖြစ်သကဲ့သို့ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နယ်များအနေဖြင့် ရန်ကုန်မြို့သို့ အလွယ်တကူ ကူးသန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း။

ထူးထူးခြားခြားတိုးပွား

ထို့ကြောင့် ဧရာဝတီတိုင်းအနေဖြင့်ကြည့်ပါက ထွက်ပေါက်အသစ်တစ်ခုဖြစ်သည့် ဒေးဒရဲ–ကွမ်းခြံကုန်း–တွံတေး–လှိုင်သာယာလမ်းကတစ်ဆင့် ရန်ကုန်မြို့သို့ ကုန်စည်များ၊ ခရီးသည်များ လွယ်လင့်တကူ ပို့ဆောင်သွားလာနိုင်မည်ဖြစ်သည့်အပြင် မူလတည်ရှိပြီး ထွက်ပေါက်တစ်ခုဖြစ်သည့် မအူပင်–လှိုင်သာယာ–ရန်ကုန် အမှတ်(၅)ပြည်ထောင်စုလမ်းမကြီးနှင့်ပါ တစ်သားတည်း ဆက်စပ်မိသည့်အခြေအနေကို ရောက်ရှိသွားပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ဧရာဝတီတိုင်း၏ ထွက်ပေါက်နှစ်ခု ဆက်စပ်မိသည့်အခြေအနေတွင် ဧရာဝတီတိုင်း၏ တောင်ပိုင်းနှင့် မြောက်ပိုင်းမြို့နယ်များအကြား၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့အကြား ကုန်စည်ကူးသန်းမှု၊ ခရီးသည်များကူးသန်းသွားလာမှုတို့ သိသိသာသာ ထူးထူးခြားခြား တိုးပွားလာမည်ဖြစ်သည့်အတွက် ယခုတိုးတက်ဖြစ်ထွန်းမှုများ၏ အကျိုးရလဒ်များကို ဒလ–တွံတေး–ကွမ်းခြံကုန်းမြို့နယ်များနှင့်တကွ လမ်းခရီးတစ်လျှောက်က ဒေသခံပြည်သူများပါ ရရှိခံစားကြရမှာအမှန်ပင်ဖြစ်ကြောင်း။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်ဝင်း တွံတေးတံတား ဖွင့်ပွဲအခမ်း အနားတွင်အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်စေရအောင် ပြည်တွင်းပြည်ပ အဖျက်အမှောင့် အဟန့်အတား အနှောင့်အယှက်အဖုံဖုံကို ကျော်လွှားပြီး ကိုယ့်အင်ကိုယ်အားဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်နေရသည့် အချိန်အခါကာလဖြစ်ကြောင်း။

ယခုကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် ဘဏ္ဍာငွေကြေး၊ လူအင်အား၊ စက်ယန္တရားအင်အား၊ နည်းပညာစွမ်းအားများစွာ စိုက်ထုတ်ရင်းနှီး ဆောင်ရွက်ရသည့် မြစ်ကူးချောင်းကူးတံတားကြီးများနှင့်တကွ လမ်းမကြီးအသွယ်သွယ်ကို ယခင်ခေတ်ကာလက ချောင်ကျသည်ဟုဆိုကာ ပစ်ပယ်ထားခဲ့သည့် ယခုကဲ့သို့ နေရာဒေသမျိုးများတွင် နိုင်ငံတော်အစိုးရအနေဖြင့် တကူးတကလိုက်လံဆောက်လုပ်ပေးနေခြင်းသည် သာမန်စေတနာမျိုး၊ သာမန်အားထုတ်မှုမျိုး မဟုတ်ဘူးဆိုသည်ကို ဒေသခံပြည်သူများ သိမြင်နားလည်သဘောပေါက်ကြစေလိုကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ တံတားစီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စိတ်ရင်းစေတနာမှန်

လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရသည့် နေရာဒေသများက ဒေသခံပြည်သူများကို သွားရေးလာရေးလွယ်ကူစေရန်၊ ရောင်းပန်းဝယ်ပန်း တိုးတက်စေရန် စီးပွားကုန်သွယ်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ပြီး စီးပွားရေး၊ လူမှုရေးဘဝ အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ တစ်ဆက်တည်းမှာပင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများပါ တိုးမြင့်လာစေရန်ဆိုသည့် စိတ်ရင်းစေတနာမှန်ဖြင့် ယခုကဲ့သို့လမ်းမကြီးများ၊ တံတားကြီးများကို ငွေကြေးနှင့်လူအင်အား၊ စက်ယန္တရားအင်အားနှင့် အတတ်ပညာစွမ်းအား များစွာရင်းနှီးမြှုပ်နှံပြီး ကြိုးပမ်းတည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း တွံတေးတံတား ဖွင့်ပွဲအခမ်းအနားတွင် အမှာ စကားပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး သဟဇာတဖြစ်စွာ ဆက်စပ်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ကွင်းကျန်နေသည့်ဒေသများ လျော့နည်းပပျောက်စေရန်အတွက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းကြီးများဖြစ်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်စီမံကိန်းများကို စနစ်တကျ

စာမျက်နှာ ၈ ကော်လံ ၁

အစိုးရ၊ တပ်မတော်နှင့် ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှုအစဉ်အလာကောင်းများ နယ်မြေဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ အုံနှင့်ကျင်းနှင့် စုဖွဲ့ပေါ်ထွန်းလာ

စာမျက်နှာ ၇ မှ

ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဤစီမံကိန်းကြီးများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းများ တိုးတက်ဖြစ်ထွန်းခြင်းနှင့်အတူ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင်လည်း ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများသည် အုံနှင့်ကျင်းနှင့်စုဖွဲ့ ပေါ်ထွန်းလာလျက်ရှိနေပြီဖြစ်ကြောင်း။

လမ်းညွှန်ပေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် ပြည်ထောင်စုကြီး တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးအထူးစီမံကိန်းကြီးများ အပါအဝင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံစီမံကိန်းများကို အချက်အချာကျသည့် နေရာဒေသများ၌ ဖြန့်ကြက်တည်ဆောက်ပေးသွားရန်၊ ဒေသတစ်ခုချင်း၏ လိုအပ်ချက်များကို ဆန်းစစ်သုံးသပ်ပြီး အထူးပြုဆောင်ရွက်ပေးရမည့် ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများကို ဒေသအလိုက် အထူးပြုဆောင်ရွက်ပေးနိုင်ရန် ကိုယ်တိုင်ဦးစီးဦးဆောင်ပြုပြီး လမ်းညွှန်ပေးလျက်ရှိကြောင်း။

ဆက်စပ်ဖောက်လုပ်

ယင်းလမ်းညွှန်ချက်များနှင့်အညီ ရန်ကုန်တိုင်းအတွင်းတွင် တည်ရှိပြီး ရန်ကုန်မြို့နှင့်နီးကပ်လှသော်လည်း လှိုင်မြစ်ကြီးခြားနေခဲ့သည့် ဒလ၊ တွံတေး၊ ကွမ်းခြံကုန်း၊ လှိုင်သာယာမြို့နယ်များကို ရန်ကုန်မြို့နှင့် ဆက်စပ်မိစေရအောင် ယခုကဲ့သို့ တံတားကြီးများ၊ လမ်းမကြီးများကို မဟာဗျူဟာကျကျ အစီအစဉ်ရှိရှိ ဆက်စပ်ဖောက်လုပ် တည်ဆောက်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း။

လွယ်ကူစွာဆက်သွယ်သွားလာနိုင်

ခေတ်အဆက်ဆက်တွင် ဘိုးစဉ်ဘောင်ဆက် ရေလမ်းခရီးနှင့် ကူးတို့များကိုသာ အဓိကအားကိုးပြီး ခက်ခဲပင်ပန်းကြီးစွာ သွားလာခဲ့ကြရသည့် ဧရာဝတီတိုင်းအတွင်းက မြို့နယ်များအပြင် ယခုဆိုလျှင် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များပါ မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် တစ်အုံတစ်မ စုဝေးအကွက်ချ တည်ဆောက်ပေးခဲ့သည့် မြစ်ကူးချောင်းကူး တံတားကြီးများနှင့် လမ်းမကြီးများ၏ အကျိုးကျေးဇူးကြောင့် နောင်သားစဉ်မြေးဆက်တိုင် ကုန်းလမ်းခရီးဖြင့် လွယ်ကူစွာ ဆက်သွယ်ဆက်ဆံသွားလာနိုင်နေပြီဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ခေတ်သစ်တစ်ခေတ်ကို ပြောင်းလဲပေးလိုက်ခြင်းပင်ဖြစ်ကြောင်း။

ပေါင်းစပ်စီမံတည်ဆောက်

ပြည်ထောင်စုကြီး တစ်ရပ်လုံးကိုလည်း ခေတ်သစ်တစ်ခုကို ညင်သာသိမ်မွေ့ချောမောစွာ ကူးပြောင်းပေးနိုင်စေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ရုပ်လုံးဖော် တည်ထောင်ပေးလျက်ရှိရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ဦးတည်ချက်ရှိရှိ ပေါင်းစပ်စီမံ တည်ဆောက်ပေးလျက်ရှိကြောင်း။

ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ တစ်သားတည်း ပူးပေါင်းကြိုးပမ်းဆောင်ရွက်နေမှု စွမ်းအားကောင်းများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံသည့် နိုင်ငံရေးအခြေခံကောင်းများ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးအခြေခံကောင်းများ၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားယဉ်ကျေးမှု မြတ်နိုးထိန်းသိမ်းမှု စိတ်ဓာတ်တို့ကိုအခြေခံသည့် လူမှုရေးအခြေခံကောင်းများသည်လည်း အခိုင်အမာ ရုပ်လုံးပေါ် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

တိုးတက်ခိုင်မာ

ယခုကဲ့သို့ နိုင်ငံတော်ကြီး ဘက်စုံ ကဏ္ဍစုံ နယ်ပယ်စုံတွင် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများလည်း တိုးတက်ခိုင်မာနေပြီဖြစ်ကြောင်း။

အောင်မြင်တိုးတက်ဖြစ်ထွန်းနေသည့် အစဉ်အလာကောင်း၊ အမွေခံကောင်းများ ဆထက်ထမ်းပိုး တိုးပွားဖြစ်ထွန်းစေရအောင်၊ နောင်ထာဝစဉ် တည်တံ့ခိုင်မြဲစေရအောင်နှင့် သားစဉ်မြေးဆက် လက်ဆင့်ကမ်း သယ်ဆောင်သွားနိုင်စေရအောင် ကြိုးပမ်းဆောင်ရွက်သွားရေးသည် ယနေ့ နိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံး၏ တာဝန်ဖြစ်သည်ဟု ခံယူပြီး တိုင်းရင်းသားပြည်သူများအားလုံးက တစ်သွေးတည်းတစ်သံတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တွံတေးတံတား မြင်ကွင်း

တွံတေးတံတားကို ရှုထောင့်အဖုံဖုံမှ ဤသို့ တွေ့ရသည်။

(သတင်းစဉ်)

ထိန်းသိမ်းစောင့်ရှောက်

နိဂုံးချုပ်အနေဖြင့် ဒေသခံပြည်သူများကို ပြောကြားလိုသည်မှာ ယနေ့ ပေါ်ထွန်းလာပြီဖြစ်သည့် တွံတေးတံတားကြီးနှင့်တကွ ဒလ–တွံတေး–လှိုင်သာယာလမ်းမကြီး အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများသည် မိမိတိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေးနှင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ညီညွတ်မျှတ သဟဇာတဖြစ်စွာ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အဘက်ဘက်မှ စီမံကြိုးပမ်းဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့် စေတနာမှန်ကန်သည့် ရပ်တည်ချက်တို့မှ ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းများဖြစ်သည်ဟု ခံယူပြီး ယင်းဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိရောက်အကျိုးရှိစွာ အသုံးချလျက် မိမိတို့၏ လူမှုစီးပွားရေးဘဝ သာယာဝပြော တိုးတက်မြင့်မားစေရအောင် သားစဉ်မြေးဆက်တိုင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်တည်ဆောက်

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်က တည်ဆောက်ပေးခဲ့သော ပေ ၁၈၀နှင့်အထက် တံတားကြီးများအနက် ရန်ကုန်တိုင်းအတွင်း တည်ဆောက်ဖွင့်လှစ်ပြီးသော

တံတားကြီးစုစုပေါင်းမှာ ၂၅စင်းရှိကာ ယခုဖွင့်လှစ်သည့် တွံတေးတံတားကြီးသည် ၂၆စင်းမြောက် တံတားဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်း ပဲခူးမြစ်ကို ဖြတ်သန်းဖောက်လုပ်သော အမှတ် (၂) သန်လျင်တံတား၊ ငမိုးရိပ်ချောင်းကို ဖြတ်သန်းဖောက်လုပ်သော ကမာကြည်တံတားနှင့် ခရမ်းချောင်းကို ဖြတ်သန်းဖောက်လုပ်သော ခရမ်းချောင်းတံတားတို့ကိုလည်း ဆက်လက်တည်ဆောက်ပေးလျက်ရှိကြောင်း၊ လှိုင်သာယာစက်မှုဇုန် အမှတ် (၅)လမ်းမကြီးမှ ဒလ- တွံတေးကားလမ်းသို့ ဆက်သွယ်သည့် လမ်းပေါ်ရှိ တွံတေးတူးမြောင်းကို ဖြတ်သန်းဖောက်လုပ်ထားသော တွံတေးတံတားကြီးဖွင့်လှစ်လိုက်သည့်အတွက် ရန်ကုန်မြို့တော်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များဖြစ်သော ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့ ယခင်က လူကူးဇက်ရေယာဉ်၊ ယာဉ်ကူးဇက်ရေယာဉ် စက်တပ်သမ္ဗန်တို့ဖြင့်သာ ဖြတ်သန်းသွားလာရာမှ ယခု မော်တော်ယာဉ်များဖြင့်ပါ တိုက်ရိုက်ဆက်သွယ် သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ဤတံတားကြီးမှတစ်ဆင့် ဧရာဝတီတိုင်း ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေးမြို့နယ်များသို့လည်း တိုက်ရိုက်ဆက်သွယ် သွားလာနိုင်မည်ဖြစ်ကြောင်း။

အချိန်တိုအတွင်းတင်ပို့နိုင်

ဤဒေသများမှထွက်သော ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်မြို့တော်သို့ အချိန်တိုအတွင်း တင်ပို့နိုင်မည်ဖြစ်သည့်အတွက် ရန်ကုန်တိုင်းအတွက်ရော နိုင်ငံတော်အတွက်ပါ အလွန်အကျိုးရှိသော တံတားကြီးတစ်စင်းဖြစ်ကြောင်း။

ဤကဲ့သို့ အဖိုးတန်အကျိုးရှိသော တံတားကြီးတစ်စင်းကို နိုင်ငံတော်က တည်ဆောက်ပေးထားပြီးဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း တွံတေးတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံအာဏာပိုင်များ၊ ဒေသခံပြည်သူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားလိုကြောင်း။

ကျေးဇူးတင်ရှိ

ဤတံတားကြီးပြီးမြောက်အောင် တည်ဆောက်ပေးခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့်တကွ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တွံတေးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရှိသူများ၊ တွံတေးတံတား တည်ဆောက်ရေးစီမံကိန်းအဖွဲ့မှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်နယ်နှင့်တိုင်း ဒေသအသီးသီး၌ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် တံတားများကို တည်ဆောက်ပေးလျက်ရှိရာ ယနေ့ဖွင့်လှစ်သည့် တွံတေးတံတားသည် ပေ၁၈၀နှင့်အထက် တံတားကြီးများ၌ ၁၉၅စင်းမြောက် တံတားကြီးဖြစ်ကြောင်း။

၂၁၅စင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနနည်းတူ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တံတား ၁၁စင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တံတားခုနစ်စင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တံတားနှစ်စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်၌ တည်ဆောက်ပြီးစီးခဲ့သည့် ပေ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၂၁၅စင်း ရှိသွားပြီဖြစ်ကြောင်း။

ထို့ပြင် ပေ၂၀မှ ပေ၁၀၀အတွင်းရှိ တံတားများ၁၈၁၁စင်း၊ ပေ၁၀၀မှ ပေ၁၈၀အတွင်းရှိ တံတား၂၃၃စင်း တို့ကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် တည်ဆောက်ပေးထားသော တံတားများ၊ လမ်းများ ရေရှည်တည်တံ့ ကောင်းမွန်ရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လက်တွေ့ဖြစ်ပေါ်လာ

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဒေါက်တာသိန်းဇော်မြင့်က နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားပြောကြားရာတွင် ဤတွံတေးတံတားကြီး မရှိမီက မိမိတို့အနေဖြင့် တွံတေးတူးမြောင်းအတွင်း ဖြတ်သန်းသွားလာ၍ ရောင်းဝယ်ဖောက်ကားခဲ့ကြရသဖြင့် နှောင့်နှေးကြန့်ကြာခဲ့ရသည့်အပြင် တစ်ခါတစ်ရံ ဘေးအန္တရာယ်များနှင့်ပင် ကြုံတွေ့ခဲ့ရကြောင်း၊ ယင်းအန္တရာယ်များကို ကျော်လွှားနိုင်သည့် တွံတေးတူးမြောင်းကူး တံတားကြီးတစ်စင်း ဖြစ်ပေါ်လာစေရန် စိတ်ကူးဖြင့် ဆုတောင်းမျှော်လင့်ခဲ့ရာ ယင်းစိတ်ကူးနှင့် မျှော်လင့်ချက်များသည် ယနေ့ လက်တွေ့ဖြစ်ပေါ်လာပြီဖြစ်၍ မိမိတို့ပြည်သူများအနေဖြင့် ကြည်နူးဝမ်းသာမဆုံး ဖြစ်ကြရပါကြောင်း။

တွံတေးတံတားကြီး တည်ဆောက်ပေးခဲ့ခြင်းအတွက် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများအား ဒေသခံပြည်သူများကိုယ်စား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး တွံတေးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်မည့်နေရာ၌ နေရာယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က တွံတေးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တံတားစီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖြတ်သန်းကြည့်ရှုစစ်ဆေး

ထို့နောက် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တွံတေးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် တွံတေးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ထပ်မံနှုတ်ဆက်ကြပြီး တွံတေးတံတား ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သံကူကွန်ကရစ်တံတား

တွံတေးတံတား၏ ပင်မတံတားမှာ အပေါ်ထည်သံမဏိကြိုးဆိုင်း တံတားအမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ ချဉ်းကပ်တံတားများမှာ သံကူကွန်ကရစ် တံတားအမျိုးအစားများဖြစ်သည်။

ပင်မတံတားအရှည် ပေ၈၄၀၊ ချဉ်းကပ်တံတား တစ်ဖက်လျှင် ၁၃၆၅ ပေရှိပြီး စုစုပေါင်း ပေ၃၅၇၀ရှည်သည့် တံတားကြီးဖြစ်သည်။

တံတား၏ ယာဉ်သွားလမ်းမှာ ၂၈ပေအကျယ်ရှိ နှစ်လမ်းမောင်းယာဉ်သွားလမ်းဖြစ်သည်။ တံတားပေါ်၌ တစ်ဖက်လျှင် လေးပေစီကျယ်သည့် လူသွားလမ်း ပါရှိသည်။

တံတား၏ ရေလမ်းကင်းလွတ်အမြင့်မှာ ၄၅ပေရှိပြီး ရေလမ်းကင်းလွတ် နယ်အကျယ်မှာ ပေ၇၀၀ရှိသည်။ တွံတေးတံတားမှာ ခွင့်ပြုယာဉ်အလေးချိန် တန်၆၀ ခံနိုင်ဝန်ရှိသည့် တံတားကြီးဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ရုပ်လုံးဖော် တည်ထောင်ပေးလျက်ရှိရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ဦးတည်ချက်ရှိရှိ ပေါင်းစပ်စီမံ တည်ဆောက်ပေးလျက်ရှိ။

လုံခြုံချောမွေ့လာသော ရှမ်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကွန်ရက်

စိုင်းသိန်း(ကျိုင်းတုံ)

ယနေ့ကာလသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် နိုင်ငံခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား ပြည်သူအားလုံး၏ လူနေမှုအဆင့်မြင့်မားရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်နေသော အချိန်အခါဖြစ်သည်။

နိုင်ငံအတွင်း လူဦးရေအများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းသည် မြို့ပြဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ တစ်နည်းအားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးလာခြင်းသည် နိုင်ငံဖွံ့ဖြိုး တိုးတက်လာခြင်းပင်ဖြစ်သည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို နိုင်ငံတော်က ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့် ဖော်ဆောင်လျက်ရှိသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောစံပြကျေးရွာအဝင်ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ယန်းလော–ကတ်ထိုက်ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားများကိုလည်း မတ်လ ၂၆ ရက်နေ့က ကျင်းပခဲ့ရာ စာရေးသူ တက်ရောက်လေ့လာခဲ့ရသည်။

ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၃၆၀၀ ရှိပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)မှ ကတ္တရာပံ့ပိုးမှု၊ နယ်မြေခံဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ခွဲမှ လုပ်အား၊နည်းပညာ၊စက်ယန္တရားများနှင့် ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင် ကြိုးပမ်း မှုများဖြင့် ဖောက်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ယန်းလော–ကတ်ထိုက် ကျေးရွာချင်းဆက်လမ်းမှာ မူလက မြေသားလမ်းဖြစ်ပြီး ယခုကဲ့သို့ ကျောက်ချောလမ်းသစ်ခင်းနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ခွင့်ပြုငွေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လုပ်အား၊ နည်းပညာ၊ စက်ယန္တရားများနှင့် ဒေသခံပြည်သူများ ပေါင်းစပ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အရပ်စကားဖြင့် ပြောဆို ရေးသားရမည်ဆိုလျှင် **“သွားရေးလာရေး လွယ်ကူချောမွေ့ရေး”**ပင်ဖြစ်သည်။ သွားရေးလာရေး လွယ်ကူချောမွေ့ဖို့ဆိုလျှင် ဦးစွာပထမ နယ်မြေဒေသလုံခြုံမှုရရှိရေးပင်ဖြစ်သည်။

ရှမ်းပြည်နယ်သည် ၁၉၈၉–၉၀ ပြည့်နှစ်နောက်ပိုင်းတွင် လုံခြုံငြိမ်းချမ်းမှု ရရှိလာခဲ့သည်။ လုံခြုံငြိမ်းချမ်းမှု ရရှိလာခြင်း၏ အကျိုးဆက်အနေဖြင့် တရားဥပဒေ စိုးမိုးမှုလည်း ရှိလာခဲ့သည်။

ကျိုင်းတုံ – တောင်ကြီး ပြည်ထောင်စုလမ်းမကြီးပေါ်မှ တာကော်–ကျိုင်းတုံလမ်းအပိုင်း ၁၁၄မိုင် အဆင့်မြှင့်တင် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၅ခုနှစ် ဇွန်လတွင် ဖွင့်လှစ်ခဲ့ရာ စာရေးသူ တက်ရောက်လေ့လာခွင့်ရရှိခဲ့ပါသည်။

ယခင်ကဆိုလျှင် မိုးတွင်းကာလ၌ ရာသီဥတု အခြေအနေကြောင့် လေယာဉ်ခရီးစဉ်များ နည်းပါးခဲ့၏။ ဤသို့သော အခြေအနေတွင် အကြောင်းကြောင်းကြောင့် မသွားမဖြစ်သည့်အတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသသို့ ကျိုင်းတုံမှသွားလာလိုလျှင် မော်တော်ကားလမ်းကိုပင် အားကိုးရပြီး လမ်းတစ်လျှောက် မိုးတွင်းကာလ တောင်ပြို၊ ဗွက်ထကာ ဗွက်တန်းရှည်များကြောင့် ကျိုင်းတုံမှ တောင်ကြီးမြို့သို့ ရောက်ရှိရန်အတွက် ရက်ပေါင်းများစွာ သွားခဲ့ရသည်။

ထိုကဲ့သို့ ရက်ပေါင်းများစွာ သွားလာနေရသည့်အတွက် အတိဒုက္ခရောက်သူတွေလည်း မနည်းခဲ့ပါ။

လမ်းမကောင်းသည့်အတွက် ဖြတ်သန်းသွားလာရသည့် မော်တော်ယာဉ်များ မပျက်စီးသင့်ဘဲ ချွတ်ယွင်းပျက်စီးမှုများ ရှိခဲ့ပါသည်။

ကျိုင်းတုံ–တာကော်လမ်းမကြီး ၁၁၄ မိုင် အဆင့်မြှင့်တင် ကတ္တရာလမ်း ဖောက်လုပ်ပေးခဲ့မှုကြောင့် ယာဉ်ငယ်များသည် ကျိုင်းတုံကတစ်ဆင့် တောင်ကြီးသို့ ရာသီမရွေး နေ့ချင်းပေါက် သွားနိုင်ကြပြီဖြစ်သကဲ့သို့ ကုန်တင်ယာဉ်ကြီးများလည်း အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်သည်။ ထို့အတူ ၂၀၀၅ခုနှစ် မေလအတွင်းမှာပင် ရှမ်းပြည်နယ် မြောက်ပိုင်း၌ သံလွင်အရှေ့ခြမ်း နယ်စပ်ဒေသအထိ လမ်းပေါက်စေခဲ့သည့် ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာရွှေထန် လမ်းပေါ်က သံလွင်မြစ်ကူး(တာပါး)တံတားကို ဖွင့်လှစ် ပေးခဲ့ပြီး ၆–၆–၂၀၀၅ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် (တောင်ပိုင်း) ဆက်သွယ်ရာ အတိုဆုံး လမ်းကြောင်းသစ် ပေါ်ထွန်းလာခဲ့ပါသည်။

ကျိုင်းတုံ–မိုင်းပျဉ်း–တာကော်လမ်းသစ် မြင်ကွင်းကို တွေ့ရစဉ်။

ကျိုင်းတုံ–မိုင်းပျဉ်း–တာကော်လမ်းသစ်ကို ဤသို့တွေ့ရသည်။

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လမ်းနှင့်တံတားများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များကလည်း ဝိုင်းဝန်းကူညီလျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုခရီးရောက်လျက်ရှိကြောင်း တွေ့ရပါသည်။

နိုင်ငံတစ်နိုင်ငံ၊ ပြည်နယ်တစ်ခု ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် ဦးစွာပထမ လမ်းပန်းဆက်သွယ်ရေးသည် အဓိကအကျဆုံးဖြစ်ပါသည်။

နောင်ချို – ရပ်စောက် – ရွှေညောင် လမ်းပေါ်ရှိ ဒုဋ္ဌဝတီတံတား(နောင်ချို)ကို ဖွင့်လှစ်ခဲ့ပြီ ဖြစ်သည်။ ယခင်က တောင်ကြီး–တာကော်–မိုင်းပျဉ်း–ကျိုင်းတုံ လမ်းမကြီးသည် မြေသားလမ်းပေါ်သည်အထိ ယိုယွင်းနေသည့် လမ်းအပိုင်းများ၊ ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်နေမှုများ၊ အချို့နေရာများ၌ လမ်းကျဉ်းမြောင်းနေမှုများ၊ ကျောက်တောင်သဲတောင်များ ပြိုကျပြီး လမ်းပိတ်ဆို့မှုများ ရှိနေသည့်အတွက် နှစ်ညအိပ် သုံးရက်ခရီးခန့် သွားခဲ့ရသည့်အပြင် ၁၀ ဘီးတပ် ကုန်တင်ကားကြီးများမှာ လဝက်ခန့်အချိန်ယူ သွားလာခဲ့ရပြီး ကျောက်တောင်–သဲတောင် ပြိုကျသည့်အခါ လမ်းပိတ်ဆို့နေမှုများ၊ မိုးတွင်းကာလများ၌ လမ်းလုံးဝပိတ်ထားခဲ့ရခြင်းများ ကြုံတွေ့ခဲ့ရပါသည်။

ယခုတာချီလိတ်၊ မိုင်းလားစသည့် နယ်စပ်မြို့ကြီးများ၏ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှု၊ နယ်စပ်ကုန်သွယ်ရေးနှင့် ကူးသန်းသွားလာရေး စည်ပင်ဖွံ့ဖြိုးလာမှု၊ တာချီလိတ်–ကျိုင်းတုံ–မိုင်းလားလမ်းပေါ်ထွန်းလာမှု၊ တာချီလိတ်–ကျိုင်းတုံလမ်း တိုးတက်ကောင်းမွန်လာမှုတို့ကြောင့် တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီးတွင် ခရီးသွားလာမှု ပိုမိုများပြားလာသည့်အပြင် ၁၀ဘီးတပ် ကားကြီးများ သွားလာမှုလည်း တိုးပွားလာသည့်အတွက် ဤ တောင်ကြီး–ကျိုင်းတုံလမ်းမကြီးကို အဆင့်မြှင့်တင်ပေးရန် လိုအပ်လာခဲ့ပါသည်။

မိုင်းပျဉ်း–ကျိုင်းတုံလမ်းအပိုင်းကို နိုင်ငံတော်က အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် တောက်လျှောက် လမ်းပန်းချောမွေ့သွားခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အနေဖြင့် ကျိုင်းတုံ – မိုင်းပျဉ်း – တောင်ကြီး – မိတ္ထီလာလမ်းမှတစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်း၊ ယင်းလမ်းမှပင် လွိုင်လင်က တစ်ဆင့် လဲချား–မိုင်းကိုင်–ပန်ကေတု–သီပေါလမ်းမှတစ်ဆင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ အလွယ်တကူ ကူးသန်းသွားလာနိုင်ပြီ ဖြစ်သည်။

ယခင်အခါက ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ (တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)တို့သည် မန္တလေးတိုင်းမှ တစ်ဆင့် ကွေ့ပတ်ပြီး ကူးသန်းသွားလာခဲ့ရသည်။ ယခုကဲ့သို့ ရှမ်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် စနစ်တကျ စီမံကိန်းများချမှတ်ပြီး အကွက်ချ စီမံဆောင်ရွက်ပေးခဲ့သည့်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ (တောင်ပိုင်း)၊ (အရှေ့ပိုင်း)သို့တိုက်ရိုက်သွားလာနိုင်ရုံမကရှမ်းပြည်နယ်တစ်ခွင်လုံးရှိ မြို့ကြီးများသို့ ဆက်စပ်ပေးသည့် လမ်းပန်းဆက်သွယ်ရေးကွန်ရက် ဖြစ်လာသည်ကို မြင်တွေ့နေရပြီဖြစ်သည်။

ထို့အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ နယ်စပ်ဝင်ပေါက်ဒေသများအထိ လမ်းပေါက်နေပြီဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံကို ဖြတ်သန်းကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့အကြား အပြန်အလှန် ကူးသန်းသွားလာနိုင်သည့် အခြေအနေသို့ရောက်ရှိနေပေရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အပါအဝင် ရှမ်းပြည်နယ်တစ်ခွင်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများ ဖြစ်ထွန်းလာပြီဖြစ်ပါသည်။ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံ – မိုင်းဖြတ် – မိုင်းယောင်း – မိုင်းယုလမ်း တိုးတက်ကောင်းမွန်ရေးနှင့် ကျိုင်းတုံ–မိုင်းခတ်–မိုင်းယန်းလမ်း ရာသီမရွေး သွားလာနိုင်ရေး အပါအဝင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ခရိုင်ချင်းဆက်လမ်း တိုးတက်ကောင်းမွန်ရေး၊ မြို့နယ်ချင်းဆက်လမ်း တိုးတက်ကောင်းမွန်ရေးနှင့် ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့်လမ်းများ ကောင်းမွန်ရေးတို့ကိုလည်း အချိန်ရလျှင် ရသလို ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သဖြင့် ရှမ်းပြည်နယ် တွင်းရှိ ဆက်သွယ်ရေးလမ်းများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ လမ်းကွန်ရက်များသည် ရှမ်းအရှေ့ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရှမ်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်စေရန် စနစ်တကျ စီမံကိန်းများ ချမှတ်ပြီး အကွက်ချ စီမံဆောင်ရွက်ပေးခဲ့သည့် အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (တောင်ပိုင်း)၊ (အရှေ့ပိုင်း)သို့ တိုက်ရိုက်သွားလာနိုင်ရုံမက ရှမ်းပြည်နယ် တစ်ခွင်လုံးရှိ မြို့ကြီးများသို့ဆက်စပ်ပေးသည့် လမ်းပန်း ဆက်သွယ်ရေးကွန်ရက် ဖြစ်လာသည်ကို မြင်တွေ့နေရပြီ။

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တင်ဒါရောင်းချမည့်လပ်ပုံများ ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ အဆင့်အတန်းအစားခွဲခြားသတ်မှတ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ရန်ကုန် မေ ၂၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းက အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကန်(၃) သစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်သို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ အဆင့်အတန်း အစားခွဲခြားသတ်မှတ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ရုံးခန်းတွင် မိခင်ကြီး ဒေါ်အေးအား ရည်စူး၍ အမှတ် ၅၀ ချင်းတွင်းလမ်း ကမာရွတ် ရန်ကုန်မြို့နေ သားသမီး မြေးမြစ်တစ်စုက အလှူငွေကျပ်၇၀၀၀၀၀ ကို ပြင်သစ် ဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီ ရှေ့မှောက်၌ ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာဘရူဝါရီလီမိတက်၏ "ကရုဏာရေးရှုမြန်မာမှု" အစီအစဉ်အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၅

မြန်မာဘရူဝါရီလီမိတက်၏ **"ကရုဏာရေးရှုမြန်မာမှု"** အစီအစဉ်အရ အလှူငွေပေးအပ်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နှစ်နေရာခွဲ၍ ကျင်းပသည်။

အမှာစကားပြောကြား

နံနက် ၁၀ နာရီတွင် ရွာသာကြီးရှိ စိတ်ကျန်းမာရေးဆေးရုံခန်းမဆောင်၌ အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပရာ မြန်မာဘရူဝါရီလီမိတက်မှ အထွေထွေမန်နေဂျာ မစ္စတာဒေးဗစ်တန်က အဖွင့်အမှာ စကားပြောကြားပြီး အလှူငွေကျပ် ၂၅ သိန်းကို စိတ်ကျန်းမာရေးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဖော်စိန်လွင် အားပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာဘရူဝါရီလီမိတက်မှ ဝန်ထမ်းများစုပေါင်း၍ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ စားသောက်ဆိုင်ပိုင်ရှင်များနှင့် အရောင်းဆိုင်ပိုင်ရှင်များက အလှူငွေများကိုလည်းကောင်း ဆေးရုံအုပ်ကြီး ဒေါက်တာဖော်စိန်လွင်သို့ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့်မွန်းလွဲ၁၂နာရီခွဲတွင် ကန်တော်ကြီး ကရဝိက် နန်းတော်၌ အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အထွေထွေမန်နေဂျာ မစ္စတာဒေးဗစ်တန်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် မိမိတို့ကို အကျိုးပြုနေသည့် လူ့ဘောင်လောကအတွင်းမှာရှိသည့်လိုအပ်သည့်နေရာများကို ပြန်လည်ပေးဆပ်ရန် ကြိုးစားခဲ့ပါကြောင်း၊ ကုမ္ပဏီရှိ ဝန်ထမ်းများအားလုံး နားလည်လက်ခံထားကြသည့် ရည်မှန်းချက်များမှ တစ်ခုဖြစ်ကြောင်း၊ အလှူငွေများအပြင် အခြားနည်းလမ်းများနှင့် လှူဒါန်းနိုင်ရန် ကြိုးပမ်းထားပါကြောင်း၊ မြန်မာဘရူဝါရီလီမိတက်မှ ဝန်ထမ်းများသည် ကုမ္ပဏီမှ အလှူငွေပေးအပ်ပွဲရှိသည်ဟု သတင်းကြားရုံဖြင့် မြန်မာလူမျိုးများပီပီ ကိုယ်ပိုင်ပစ္စည်း ဥစ္စာများမှ ၎င်းတို့စေတနာဆန္ဒအလျောက်လာရောက် လှူဒါန်းခဲ့ကြကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်မြို့ရှိ မသန်မစွမ်းကလေးများကျောင်းသို့ ငွေကျပ် ၂၅ သိန်း၊ ခဝဲခြံ မျက်မမြင်ကျောင်းသို့ ငွေကျပ် ၂၅ သိန်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဝက်ဘာ)သို့ ငွေကျပ် ၂၅ သိန်း၊ လူငယ် ပရဟိတကျောင်းသို့ ငွေကျပ် ၂၅ သိန်း၊ မိဘမဲ့ကလေးများကျောင်း (ပုလဲမြို့သစ်)သို့ ငွေကျပ် ၂၅ သိန်းတို့ကို အထွေထွေမန်နေဂျာ မစ္စတာ ဒေးဗစ်တန်၊ ဒုတိယ အထွေထွေမန်နေဂျာဒုတိယဗိုလ်မှူးကြီးမောင်မောင်စိန် (ငြိမ်း)နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူငွေလက်ခံရရှိကြသည့် ကျောင်းများကိုယ်စား မိဘမဲ့ကလေးများကျောင်း (ပုလဲမြို့သစ်)မှ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၃၆၅ သိန်းကျော်ဖြစ်ပြီး စားသောက်ဆိုင်နှင့် အရောင်းဆိုင်ပိုင်ရှင်များ၏ လှူဒါန်းငွေကျပ် သိန်း ၄၀ ကျော်ပါဝင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဆောင်းပါးပြိုင်ပွဲကို **"အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ပြည့်စုံလှပ မြန်မာအမျိုးသမီး ဘဝ"** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပေးပို့ရမည်

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများကို စာလုံးရေ ၃၀၀၀၀ မှ ၅၀၀၀၀ အထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ x ၁၄ လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားကိုမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၀ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် စာတည်းမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၃၃၄၀နှင့် ၃၇၃၃၄၂ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဖရိကအသင်းများ ကမ္ဘာ့ဖလားရရှိနိုင် ကင်မရွန်းတိုက်စစ်မှူး အီတိုးပြောကြား

ရေးသားပြုစုသူ မြင့်မောင်စိုး

တဲလ်အဗစ် မေ ၂၅

ဘာစီလိုနာနှင့် ကင်မရွန်းတိုက်စစ်မှူး ဆမ်မြူရယ် အီတိုးက အာဖရိကအသင်း ဂျာမနီကမ္ဘာ့ဖလားကို ရနိုင်ကြောင်း ပြောကြားလိုက်သည်။

ဘရာဇီးအသင်းမှ အားထားရသော ရော်နယ်ဒို ဆွစ်ဇာလန်၌ ကမ္ဘာ့ဖလားပွဲအကြို လေ့ကျင့်နေစဉ်။

(ဓာတ်ပုံ-စထရိတ်တိုင်းမ်)

လာမည့်လတွင် ကျင်းပမည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် နိုင်ဂျီးရီးယားနှင့် ကင်မရွန်းအသင်းများ ပါဝင်ခြင်းမရှိသော်လည်း ခြေစစ်ပွဲအောင်ထားသော ဂါနာ၊ အင်ဂိုလာ၊ တူနီးရှားနှင့် အိုင်ဗရီကို့စ်အသင်းများသည် အလားအလာများစွာ ရှိကြောင်း အီတိုးက ပြောကြားသည်။

ယုံကြည်

အာဖရိက ဘောလုံးအသင်းများသည် ကမ္ဘာ့ဖလားအတွက် အသင့်ရှိနေကြမည်ဟု ထင်မြင်ကြောင်း၊ ယင်းတို့၏ ကမ္ဘာ့ဖလားအိပ်မက်ကို အကောင်အထည် ဖော်ကြလိမ့်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ယုံကြည်မှု အပြည့်အဝရှိရန်လိုကြောင်း ၎င်းက ရိုက်တာသို့ ပြောကြားသည်။

အီတိုးက အစ္စရေး-အာရပ် လူငယ်ဘောလုံး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ဆောင်ရွက်ရန် အစ္စရေးသို့ရောက်ရှိနေစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အိုင်ဗရီကို့စ် နောက်တန်း လူငယ်ကစားသမားများဖြစ်သည့် ကိုလိုတောရီနှင့် အမ်မြူရယ်အီဘော့တို့သည် ဘာစီလိုနာက အာဆင်နယ်အသင်းကို ချန်ပီယံလိဂ်တွင် အနိုင်ရစဉ် ခြေစွမ်းပြ ကစားသည်ကို တွက်ဆ၍ အာဖရိကအသင်းများ ကမ္ဘာ့ဖလားဆွတ်ခူးရန် အလားအလာရှိနေကြောင်း အီတိုးက ပြောသည်။

ကင်မရွန်း တိုက်စစ်မှူး အီတိုး။

(ဓာတ်ပုံ-အေအက်ဖ်ပီ)

ဂျိနီဗာတွင် ရောက်ရှိနေသော ကမ္ဘာ့ဖလားအိမ်ရှင် ဂျာမနီဘောလုံးအသင်း။ (ဓာတ်ပုံ-အင်တာနက်)

ယင်းတို့သည် အလွန်ကောင်းသည့် အာဖရိက၏ နောက်တန်းကစားသမားများဖြစ်ကြောင်း၊ နိုင်ငံတကာ အကောင်းဆုံးအဆင့်ရှိ ဘောလုံးသမားများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ သို့ရာတွင် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ကင်မရွန်းအသင်း မပါဝင်၍ စိတ်ပျက်မိကြောင်း၊ ယခုနှစ်ရာသီတွင် ဘာစီလိုနာအသင်းအတွက် အကောင်းဆုံးဖလားဆွတ်ခူးနိုင်အောင် ကြိုးစားခဲ့ကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားပြိုင်ပွဲ သူတို့ ခြေစွမ်းပြနိုင်ကြမည်လား

စုစည်းရေးသားသူ မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၂၅

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး ကျင်းပရန် ၁၃ ရက်သာလိုတော့သည်။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးရန် ကမ္ဘာ့ဘောလုံး ပရိသတ်ကြီးလည်း လေးနှစ်ကြာစောင့်မျှော်ခဲ့ရာ မကြာမီရက်ပိုင်းအတွင်း မျှော်လင့်ခဲ့ရသမျှ ဆန္ဒပြည့်ဝကြတော့မည်။ ယခုကျင်းပမည့် ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ နိုင်ငံကိုယ်စားပြု အသင်းများမှ ကမ္ဘာကျော် ဘောလုံးသမားများ၏ အနေအထားကို မြန်မာ့အလင်းဘောလုံးပရိသတ်ကြီးသိရှိနိုင်ရန် အင်တာနက်မှ စုစည်း ဖော်ပြလိုက်ပါသည်။

ရော်နယ်ဒင်ဟို

ကမ္ဘာ့ဖလား ချန်ပီယံ ဆုကိုကာကွယ် မည့် ဘရာဇီး အသင်း၏အဓိက ကစားသမား ရော်နယ်ဒင်ဟို။ (ဓာတ်ပုံ-အင်တာနက်)

ရော်နယ်ဒင်ဟို

ကမ္ဘာ့ဖလား လက်ရှိ ချန်ပီယံ ဘရာဇီး ဘောလုံးအသင်း၏ တိုးတက်မှုအရှိဆုံး ဘောလုံးသမားတစ်ဦးဖြစ်သည်။ ၁၉၈၀ပြည့်နှစ် မတ် ၂၁ ရက်တွင် မွေးဖွားခဲ့သည့် ရော်နယ်ဒင်ဟိုသည် အရပ်အမောင်း ၁ ဒသမ ၈၁ မီတာမြင့်ကာ ကိုယ်အလေးချိန် ၈၀ ကီလိုဂရမ်ရှိသည်။ နာမည်အရင်းမှာ ရော်နယ်ဒိုဒီအဆစ်မိုရီရာ ဖြစ်သော်လည်း နောက်ပိုင်း ရော်နယ်ဒင်ဟိုအမည်ကိုသာ အသုံးပြုခဲ့သည်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိထားသူဖြစ်ပြီး ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘရာဇီးအသင်း၏ အဓိကအားကစားသမားတစ်ဦးဖြစ်သည်။

ယခုနှစ် စပိန်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းအတွက် တစ်ဦးတည်း ၁၇ ဂိုးသွင်းပေးခဲ့သူဖြစ်ပြီး ချန်ပီယံလိဂ်၌ တစ်ဦးတည်းခုနစ်ဂိုးသွင်းပေးခဲ့သူလည်းဖြစ်သည်။ ဘရာဇီးအသင်းအတွက် ယခုနှစ်၌ နိုင်ငံတကာခြေစမ်းပွဲတွင် တစ်ဂိုး၊ ကွန်ဖက်ဒရေးရှင်းဖလားပွဲတွင် စုစုပေါင်းကိုးဂိုးသွင်းပေးနိုင်ခဲ့ပြီး တစ်နှစ်တာလုံးအတွက် ၃၄ ဂိုးသွင်းထားသူဖြစ်သည်။

ဘရာဇီးအသင်း ကမ္ဘာ့ဖလားချန်ပီယံဆုကို ကာကွယ်ရန် ရော်နယ်ဒင်ဟို၏ ဘောလုံးနည်းပရိယာယ်ကျွမ်းကျင်မှု၊အကွက်မြင်တတ်မှု၊ဖန်တီးပေးတတ်မှုနှင့် ကိုယ်တိုင်ဂိုးသွင်းနိုင်မှုများက မည်သို့မည်ပုံ ဘရာဇီးအသင်းအတွက်အကျိုးပြုသွားမည်ကို မြင်တွေ့ရတော့မည်ဖြစ်သည်။

ဖရန့်လမ်းပတ်

ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံထား ရသူဖြစ်သည်။ ဖရန့်လမ်းပတ်ကို ၁၉၇၈ခုနှစ် ဇွန် ၂၀ရက်တွင် မွေးဖွားခဲ့ရာ အသက် ၂၇ နှစ်ရှိပြီဖြစ်သည်။ အသက် ၂၇ နှစ်အရွယ် လမ်းပတ်သည် ခြေစွမ်း အမြင့်မားဆုံးနှင့် အကောင်းဆုံးအချိန်ကာလများဖြစ်ရာ အင်္ဂလန်အသင်းကွင်းလယ်ကို ဒေးဗစ်ဘက်ဟမ်းနှင့်အတူ စိုးမိုးမည့်သူဖြစ်သည်။



ဖရန့် လမ်းပတ်

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်း ကွင်းလယ်ကို ထိန်းချုပ်ကစားမည့် ဖရန့်လမ်းပတ်။ (ဓာတ်ပုံ-အင်တာနက်)

လမ်းပတ်အနေဖြင့် ဒေးဗစ်ဘက်ဟမ်းထက် အားသာချက်မှာ ဂိုးသွင်းစွမ်းရည် ထက်မြက်မှုပင်ဖြစ်သည်။ ချယ်လ်ဆီးကို ပရီမီယာလိဂ်၌ ချန်ပီယံဖြစ်အောင် စွမ်းဆောင်ခဲ့ရာတွင် ဖရန့်လမ်းပတ်တစ်ဦးတည်း ၁၆ဂိုးသွင်းပေးနိုင်ခဲ့သည်ဖြစ်ရာ ချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာ၊ ခရက်စပိုတို့ထက်ပင် ဂိုးသွင်းမှုစံချိန် ပိုကောင်းနေသည်။

ကမ္ဘာ့ဖလား သတင်းဂယက်

ယခုကမ္ဘာ့ဖလားပွဲတွင် အင်္ဂလန်ကွင်းလယ်ကစားသမား လမ်းပတ်၏ အကောင်းဆုံးကစားဟန်၊ ကွင်းလယ်ကစားကွက် ထိန်းချုပ်မှုနှင့် တိုက်စစ်ပံ့ပိုးနိုင်မှု၊ ခံစစ်ကို လိုက်ဖြည့်ပေးမှုအပြင် တိကျသော ဂိုးသွင်းစွမ်းရည်များကို မြင်တွေ့ကြရမည်ဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျာမနီအသင်းကို ဦးဆောင်ကစားမည့် မိုက်ကယ်ဘောလက်။ (ဓာတ်ပုံ-အင်တာနက်)

မိုက်ကယ်ဘောလက်

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျာမနီအသင်း၌ တိုက်စစ်မှူး မိုက်ကယ်ဘောလက်မှာ ဂျာမနီအသင်း၏သူရဲကောင်းတစ်ဦးပင်ဖြစ်သည်။ ဂျာမနီအသင်းကို ဦးဆောင်ဦးရွက်ပြုပြီး ကစားမည့် မိုက်ကယ်ဘောလက်မှာ ကမ္ဘာ့အဆင့်မီတိုက်စစ်မှူးကောင်းတစ်ဦး၏ အရည်အသွေးများကို ပိုင်ဆိုင်ထားသူဖြစ်သည်။

ဂျာမနီ ဘွန်ဒတ်လီဂါပြိုင်ပွဲ၌ ၂၀၀၃-၂၀၀၄-၂၀၀၅ ခုနှစ်များတွင် သုံးနှစ် ဆက်တိုက် အကောင်းဆုံးဘောလုံးသမားဆုရရှိထားသူဖြစ်သည်။

အသက် ၂၉ နှစ်အရွယ်ရှိပြီ ဖြစ်သော်လည်း ဂိုးသွင်းခြေမှန်ပြီး လုလုပပ ဂိုးသွင်းတတ်သူဖြစ်သည့်အပြင် ကစားဖော်များ ဂိုးသွင်းနိုင်အောင်လည်း အကွက်ဆင်ပေးတတ်သူဖြစ်သည်။ တစ်ဖက်အသင်းနောက်တန်းကိုဘောလုံးနှင့် တစ်ပါတည်း ဆွဲယူကျော်ဖြတ်ကာမနားတမ်းဂိုးသွင်းရာ၌ ပြောင်မြောက်လှသူဖြစ်ရာ မိုက်ကယ်ဘောလက်၏ တိကျ မှန်ကန်သော သွင်းဂိုးများဖြင့် ဂျာမနီတို့ ကမ္ဘာ့ဖလားရရှိနိုင်မည်ဟု ဂျာမနီပရိသတ်တို့က မျှော်လင့်နေကြသည်အထိ အားကိုးခံရသူဖြစ်သည်။ ယခု ကမ္ဘာ့ဖလားပွဲသည် မိုက်ကယ်ဘောလက်၏ နောက်ဆုံး ကမ္ဘာ့ဖလားပွဲဖြစ်နိုင်သဖြင့် ဂျာမနီပြည်သူများအတွက် မိုက်ကယ်ဘောလက်၏ ကြိုးစားမှုကို တွေ့မြင်ရမည်ဖြစ်သည်။

ခရစ္စတီယာနိုရိုနယ်ဒို

ပေါ်တူဂီအသင်းကိုရလဒ်ကောင်းများ ဖန်တီးပေးနိုင်မည့် ပါရမီရှင်တောင်ပံတိုက်စစ်မှူးဖြစ်သည်။ မထင်မှတ်သည့် ဘောလုံးစွမ်းရည်များနှင့် တစ်ဖက်အသင်း နောက်တန်းကို မွှေနှောက်ကျော်ဖြတ်ရာ၌ ထူးထူးခြားခြား ထက်မြက်သည့် တိုက်စစ်မှူးလေးဖြစ်သည်။ ၂၀၀၃ခုနှစ်၌ စပို့တင်းလစ္စဘွန်းမှ မန်ယူအသင်းကိုပြောင်းရွှေ့ကစားခဲ့ပြီး အသက်ငယ်ငယ်နှင့် မန်ယူအသင်းကြီး၌ အမာခံဘောလုံးသမားအဖြစ် ရပ်တည်ကစားနေသူဖြစ်သည်။

၂၀၀၄ခုနှစ် ဥရောပဖလားနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲများ၌ အံ့သြဖွယ်စွမ်း ရည်များပြသခဲ့ပြီး ခြေစစ်ပွဲတစ်လျှောက် ပေါ်တူဂီအသင်းအတွက် ခုနစ်ဂိုးသွင်းပေးနိုင်ခဲ့သူဖြစ်သည်။လျင်မြန်မှု၊ ကြံ့ခိုင်မှုနှင့်စိတ်လှုပ်ရှားဖွယ် ဘောလုံးကျွမ်းကျင်မှုများကြောင့် ပေါ်တူဂီနည်းပြ စကိုလာရီကိုယ်တိုင် အသင်းအတွက် အားကိုးထားရသူဖြစ်သည်။ စီရိုနယ်ဒို၏ ပထမဦးဆုံးကမ္ဘာ့ဖလားပွဲယှဉ်ပြိုင်ကစားမှု၌ မည်သည့်ဘောလုံးရသများ ပေးစွမ်းနိုင်မည်ကို ကမ္ဘာ့ဘောလုံးပရိသတ်ကြီးစောင့်စားကြည့်ရှုရပေတော့မည်။ ။ **(အင်တာနက်)**



စီရိုနယ်ဒို

ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပေါ်တူဂီ အသင်း ကို ရလဒ်ကောင်းအောင် ခြေစွမ်းပြ ကစားမည့် ခရစ္စတီယာနိုရိုနယ်ဒို။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလား အိမ်ရှင်ဂျာမနီအသင်း ဆွစ်ဇာလန်၌ ခြေစမ်းပွဲများကစား

ဂျီနီဗာ မေ ၂၅

ဂျာမနီဘောလုံးအသင်း၏ ကမ္ဘာ့ဖလားပွဲကြို ခြေစမ်းပွဲတစ်ရပ်ကို ဆွစ်ဇာလန်နိုင်ငံ၌ ပထမဆုံးယှဉ်ပြိုင်ကစားခဲ့သည်။ ယင်းဘောလုံးပြိုင်ပွဲသည် ပွဲကြည့်ပရိသတ်မပါဘဲ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်းသည် မေ၂၃ ရက်က ဆာဗက်တီဂျီနီဗာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ မိနစ် ၇၀ အထိ ဂျာမနီအသင်း ဂိုးမသွင်းနိုင်ဘဲရှိရာ မိုက်ကယ်ဘောလက်နှင့် အဆမ်မိုချ်တို့က တစ်ဂိုးစီသွင်းပေး၍ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယင်းပြိုင်ပွဲကို မီဒီယာများအား ဝင်ခွင့်မပေးဘဲ တံခါးပိတ်ထားခဲ့သည်ဟုဆိုသည်။ သို့ရာတွင် ဂျာမနီအသင်း လက်ထောက်နည်းပြက ၎င်းအသင်း၏ ဝေဖန်ရေးသမားများကို မေ ၂၄ ရက်တွင် ဖွင့်ပြောလိုက်သည်။ မိမိတို့အသင်းသည် အစပိုင်းတွင်ကစားကွက်ပျက်နေကြောင်း၊ သို့ရာတွင် ပြိုင်ပွဲတစ်လျှောက်လုံး ခြုံငုံသုံးသပ် ကြည့်လျှင်တိုးတက်မှုရှိလာကြောင်း အဆိုပါလက်ထောက်နည်းပြက ပြောကြားသည်။

လွန်ခဲ့သော သီတင်းပတ်က ဂျာမနီအသင်းသည် ဆွစ်ဇာလန်သို့ ထွက်လာပြီးနောက် ဘောလုံးသမားများမှာ ဘောလုံးနှင့် အထိအတွေ့နည်းခဲ့သည်။ ဘောလုံးသမားအချို့မှာ လန်းဆန်းတက်ကြွမှုရှိလာစေရန် နှစ်ပတ်၊ သုံးပတ် ကြာလိမ့်မည်ဖြစ်ကြောင်း၊ သို့ရာတွင် မိမိတို့အသင်းသည် လေ့ကျင့်ရေးကွင်း၌ နှစ်ရက်သာလေ့ကျင့်မှုပြုလုပ်ရသေးကြောင်း ၎င်းနည်းပြက ပြောကြားသည်။

သတင်းကောင်း

ဒေါ့မွန်နောက်တန်း ကစားသမား ခရစ်စတိုးချိမက်ဇီဒါ ဗုဒ္ဓဟူးနေ့ မေ ၂၄ ရက်က လေ့ကျင့်ရေးကွင်းသို့ ဒဏ်ရာမှ ပြန်ကောင်းလာစဉ် ကစားနိုင်သည်ကိုတွေ့ရ၍ ဂျာမနီအသင်းအတွက် သတင်းကောင်းပဲဖြစ်ခဲ့သည်။

ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားပွဲကြိုအဖြစ် ဆီဗက်ဇီဂျူနီယာအသင်းနှင့်လည်း ကြာသပတေးနေ့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့ဖလား အိမ်ရှင်ဂျာမနီအသင်းသည် ဂျီနီဗာသို့ မေ ၂၁ရက်ကတည်းက ရောက်ရှိကာ ဆာဒင်းနီးယား လေ့ကျင့်ရေးကွင်း၌ လေ့ကျင့်နေကြသည်။

ချစ်ကြည်ရေးကစားမည်

ယင်းတို့သည် မေ ၃၀ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ၌ ရှိနေကြမည်ဖြစ်သည်။ ဂျာမနီသို့ ပြန်လည်မထွက်ခွာမီ ဇွန် ၃ ရက်တွင် ဖရိဘတ်၌ လူဇင်ဘတ်အသင်းနှင့် ချစ်ကြည်ရေး ကစားမည်ဖြစ်သည်။ ဂျာမနီအသင်းသည် မေ ၃၀ ရက်တွင် လေဘာကူဆင်တွင် ဂျပန်အသင်းနှင့်လည်းကောင်း၊ ဇွန် ၂ရက်တွင် ကိုလံဘီယာ အသင်းနှင့်လည်းကောင်း ချစ်ကြည်ရေးကစားကာ ဇွန် ၅ ရက်တွင် ဘာလင်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီအသင်းသည် အုပ်စု(က)တွင် ပါဝင်ပြီး ဇွန် ၉ ရက်၌ မြူးနစ်မြို့တွင် ကော်စတာရီကာအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာ့ဖလား ဘရာဇီးဗိုလ်စွဲရန် ၈၀ ရာခိုင်နှုန်းရှိ ရော်ဘတ်တိုကားလို့စ် ဟောကိန်းထုတ်ပြီ

ဝက်ဂစ်(ဆွစ်ဇာလန်) မေ ၂၅

ကမ္ဘာ့ဖလား ချန်ပီယံဘရာဇီးအသင်းသည် ဂျာမနီကမ္ဘာ့ဖလားဗိုလ်စွဲရန် ၈၀ ရာခိုင်နှုန်းရှိကြောင်း ဘရာဇီးကစားသမား ရော်ဘတ်တိုကားလို့စ်က ဟောကိန်းထုတ်လိုက်သည်။

ဘရာဇီးတို့ ကမ္ဘာ့ဖလားဗိုလ်စွဲရန် အမှန်တကယ်ပင်ဖြစ်နိုင်ကြောင်း ၎င်းက ဆွစ်ဇာလန်အပန်းဖြေစခန်း ဝက်ဂစ်လေ့ကျင့်ရေး အားကစားကွင်း၌ သတင်းထောက်များအား ပြောကြားသည်။

ဝါရင့်မှုများကိုပြသွားမည်

မိမိတို့အသင်းသည် လက်ရှိ ကမ္ဘာ့ချန်ပီယံဖြစ်ပြီး လူတိုင်းက ကမ္ဘာ့ဖလားဗိုလ်စွဲရန် ထည့်သွင်းစဉ်းစားကြလိမ့်မည်ဖြစ်ကြောင်း၊ မိမိတို့အသင်း၏ အရည်အသွေး ယုံကြည်မှု၊ ဆုံးဖြတ်ချက်နှင့်သမ္မာဝါရင့်မှုများကို ပြသသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဖလားဗိုလ်စွဲရန် ၈၀ ရာခိုင်နှုန်းရှိကြောင်း ရီးရဲမက်ဒရစ်အသင်း သုံးနှစ်တာကာလအတွင်း ဖလားတစ်လုံးမျှ ရယူပေးနိုင်ခြင်းမရှိသော ရော်ဘတ်တိုကားလို့စ်က ပြောကြားသည်။

ဘရာဇီးဘောလုံးအသင်းသည် ကမ္ဘာ့အရပ်ရပ်ရှိ ကလပ်အသင်းများတွင် ပျံ့နှံ့နေကြောင်း၊ အဝေးသို့ ကွဲကွာနေခြင်းမှာ ဆိုးရွားကြောင်း ၎င်းက ပြောကြားသည်။

ယခုကမ္ဘာ့ဖလားသည် မိမိအတွက် နောက်ဆုံးဖြစ်လိမ့်မည်ဖြစ်ပြီး ယုံကြည်မှုအပြည့်အဝဖြင့် အကောင်းဆုံးယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားထားသည်။

ချစ်ခင်အားပေးမှုကိုလိုချင်

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒင်ဟိုကလည်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် လူအများ၏ ချစ်ခင်အားပေးမှုကို လိုချင်ကြောင်း ပြောကြားသည်။

ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားကို ငါးကြိမ်တိုင်ဆွတ်ခူးထားသည့် အသင်းဖြစ်သည်။ ဘရာဇီးအသင်းသည် ဇွန် ၉ ရက်မှ စတင်ကာ အုပ်စု(စ)တွင် ခရိုအေးရှား၊ သြစတြေးလျ၊ ဂျပန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်

ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)၊ ရောင်းဈေး ၂၀၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့။ ဖုန်း - ၃၈၀၃၄၈၊ ၂၉၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၀၆

အမျိုးသားတံခွန်စိုက်စက်ဘီးစီးပြိုင်ပွဲပိုလ်လုပွဲစဉ်များယှဉ်ပြိုင် မြင့်အေးနှင့်ခိုင်မာဦးအကောင်းဆုံးအားကစားသမားဆုဆွတ်ခူး

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-မြန်မာ့အလင်း

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ စက်ဘီးအဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီ)၊ ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းနှင့်အမှုဆောင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

မီတာ ၄၀၀၀

ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲစဉ်များကို ကျင်းပရာ မီတာ ၄၀၀၀ အမျိုးသား တစ်ဦးချင်း အမီလိုက် ပြိုင်ပွဲတွင် မြင့်အေး(ဘဏ္ဍာ/အခွန်)က ပထမ၊ မင်းမင်းဟန်(လယ်ယာ/ဆည်မြောင်း)က ဒုတိယ၊ ထွန်းထွန်း(ရန်ကုန်တိုင်းစစ်ဌာနချုပ်)က တတိယ ရရှိသည်။ မီတာ၄၀၀၀ အမျိုးသမီး တစ်ဦးချင်းအမီလိုက်ပြိုင်ပွဲတွင် စုစုဝေ(မွေး/ရေ)က ပထမ၊ ယုမာဦး(လယ်ယာ/ဆည်မြောင်း)က ဒုတိယ၊ အေးအေးသင်း(မွေး/ရေ) ကတတိယ ရရှိသည်။

မီတာ ၄၈၀၀

မီတာ ၄၈၀၀ အမျိုးသား အုပ်စု တစ်ဦးချင်း ပြိုင်ပွဲတွင် မြင့်အေး(ဘဏ္ဍာ/အခွန်)ကပထမ၊ ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်)က ဒုတိယ၊ ကျော်ကျော်ဦး (Flamango)က တတိယ ရရှိသည်။ မီတာ ၄၈၀၀ အမျိုးသမီးအုပ်စု တစ်ဦးချင်း ပြိုင်ပွဲတွင် ခိုင်မာဦး(လယ်ယာ/ဆည်မြောင်း)က ပထမ၊ ခင်စိုးငွေ(မန္တလေးတိုင်း)က ဒုတိယ၊ အေးအေးသင်း(မွေး/ရေ)ကတတိယရရှိသည်။

မီတာ ၁၀၀၀၀

မီတာ ၁၀၀၀၀ အမျိုးသား အုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင်မြင့်အေး(ဘဏ္ဍာ/အခွန်)က ပထမ၊ ကျော်ကျော်ဦး (Flamango)က ဒုတိယ၊ မောင်မောင်စိုး (ဘဏ္ဍာ/အခွန်)က တတိယ ရရှိသည်။ မီတာ၁၀၀၀၀အမျိုးသမီးအုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင် ခိုင်နွယ်ဦး(ဧရာဝတီတိုင်း)ကပထမ၊ သန်းသန်းကျင်(မွေး/ရေ)ကဒုတိယ၊ ရွှေစင်(မွေး/ရေ)ကတတိယရရှိသည်။

မီတာ၈၀၀

မီတာ၈၀၀ အမျိုးသား အုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင် မောင်မောင်စိုး(ဘဏ္ဍာ/အခွန်)ကပထမ၊ မောင်မောင်နေယု (ရန်ကုန်တိုင်းစစ်ဌာနချုပ်)က ဒုတိယ၊ ဇော်မြဦး (မရမ်းကုန်း)က တတိယရရှိသည်။ မီတာ၈၀၀ အမျိုးသမီးအုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင် ခိုင်မာဦး (လယ်ယာ/ဆည်မြောင်း) က ပထမ၊ ခင်စိုးငွေ(မန္တလေး တိုင်း)က ဒုတိယ၊ ယုမာဦး(လယ်ယာ/ဆည်မြောင်း)က တတိယရရှိသည်။

မီတာ၁၀၀၀

မီတာ၁၀၀၀အမျိုးသားတစ်ဦးချင်း စံချိန်ပြုပြိုင်ပွဲတွင် မောင်မောင်စိုး(ဘဏ္ဍာ/အခွန်)ကပထမ၊ မြင့်အေး(ဘဏ္ဍာ/အခွန်)က ဒုတိယ၊ ခင်မောင်ချို (လယ်ယာ/ဆည်မြောင်း)က တတိယရရှိသည်။ မီတာ၁၀၀၀အမျိုးသမီးတစ်ဦးချင်းစံချိန်ပြုပြိုင်ပွဲတွင် ခိုင်မာဦး(လယ်ယာ/ဆည်မြောင်း)က ပထမ၊ စုစုဝေ(မွေး/ရေ)ကဒုတိယ၊ ခင်စိုးငွေ(မန္တလေးတိုင်း)ကတတိယ ရရှိသည်။

မီတာ၁၆၀၀

မီတာ ၁၆၀၀ အမျိုးသား အုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင် ဝင်းနိုင်တာ(လယ်ယာ/ဆည်မြောင်း)က ပထမ၊ မောင်မောင်စိုး (ဘဏ္ဍာ/အခွန်)က ဒုတိယ၊ ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်)က တတိယရရှိသည်။ မီတာ၁၆၀၀ အမျိုးသမီးအုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင် ခိုင်မာဦး(လယ်ယာ/ဆည်မြောင်း)က ပထမ၊ ယုမာဦး (လယ်ယာ/ဆည်မြောင်း)က ဒုတိယ၊ ခင်စိုးငွေ(မန္တလေးတိုင်း)ကတတိယ ရရှိသည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲစဉ်များအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီ)က ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခုဖြင့် အကောင်းဆုံးအမျိုးသား အားကစားသမားဆု ရရှိသော မြင့်အေး(ဘဏ္ဍာ/အခွန်)နှင့် ရွှေတံဆိပ်လေးခုဖြင့် အကောင်းဆုံးအမျိုးသမီး အားကစားသမားဆု ရရှိသော ခိုင်မာဦး (လယ်ယာ/ဆည်မြောင်း)တို့အား တံခွန်စိုက်ဆု၊ အားကစားအကျီနှင့် ငွေကျပ်ငါးသောင်းစီ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်း၊ အတွင်းရေးမှူးဦးဇော်မြင့်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်နှင်းစန္ဒာ၊ အမှုဆောင်ဒေါ်ခင်ငွေ၊ ဒိုင်လူကြီး ဦးထွန်းထွန်းဦးနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေတို့က ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီ) အမျိုးသားအကောင်းဆုံးအားကစားသမားဆုရ မြင့်အေး(ဘဏ္ဍာ/အခွန်) အား ဆုတံဆိပ်နှင့်ငွေသားဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

စံချိန်သစ်

ပြိုင်ပွဲအမျိုးအစားအလိုက်ငွေသားဆုများချီးမြှင့်ရာတွင် ပထမဆုငွေကျပ်သုံးသောင်း၊ ဒုတိယဆုငွေကျပ် နှစ်သောင်း၊ တတိယဆုငွေကျပ် တစ်သောင်းစီဖြစ်သည်။ အကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိသော မြင့်အေး (ဘဏ္ဍာ/အခွန်)သည် မီတာ ၄၈၀၀ အုပ်စုတစ်ဦးချင်းပြိုင်ပွဲ၌ ခြောက်မိနစ် ၃၉ ဒသမ ၃၆ စက္ကန့်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲ

မြန်မာ့ စက်ဘီးအားကစား တိုးတက်ရေးအတွက် ဆွေးနွေးပွဲကို မေ ၂၆ ရက် **(ယနေ့)**နံနက် ၉ နာရီတွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)အစည်းအဝေးခန်းမ၌ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ စက်ဘီးအားကစား နည်းပြများနှင့် စက်ဘီးအားကစား မောင်မယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးနည်းပညာ အထူးသင်တန်း အမှတ်စဉ်(၁)
Special Certificate in Education Technology (SCET)
သင်တန်းသားများခေါ်ယူခြင်း

၁။ အခြေခံပညာကျောင်းများတွင် လိုအပ်နေသည့် အထက်တန်းပြဆရာထူး နေရာများတွင် တာဝန်ပေးရန်ရှိသဖြင့် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်း ပညာရေးတက္ကသိုလ်(မန္တလေးဌာနခွဲ)တို့တွင် ဖွင့်လှစ်မည့် ပညာရေးနည်းပညာ အထူးသင်တန်းအမှတ်စဉ်(၁) Special Certificate in Education Technology (SCET) သို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရပါမည်–

- (က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ ဘာသာရပ်တစ်ခုခုတွင် ဘာသာရပ်ဘွဲ့(ဂုဏ်ထူးတန်း)နှင့် အထက်ရရှိသူများဖြစ်ရမည်။ အင်္ဂလိပ်စာဘာသာအတွက် ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)ရရှိသူများလည်း လျှောက်ထားနိုင်သည်။
- (ဂ) ၂၀၀၆ခုနှစ် ဇူလိုင်လ ၃ရက်တွင် အသက် ၃၀နှစ်ထက်မကြီးသူ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက် မကြီးသူဖြစ်ရမည်။
- (ဃ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်(မန္တလေးဌာနခွဲ)တို့တွင် သင်တန်းတက်ရောက်ရမည်။
- (င) မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (စ) လုပ်သက်တစ်ဆက်တည်း အနည်းဆုံး ငါးနှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
- (ဆ) ၂၀၀၆ခုနှစ် ဇူလိုင်လ ၃ရက်မှစ၍ တစ်လသင်တန်းတက်ရောက်ရမည်။

၃။ သင်တန်းတက်ရောက်အောင်မြင်ပြီးသူများကို အခြေခံပညာကျောင်းများတွင် အထက်တန်းပြအဖြစ် ခန့်ထားပေးမည်။ လုပ်သက်အရ ပညာရေးဘွဲ့(B.Ed)သင်တန်း ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ လျှောက်ထားသူသည် သက်ဆိုင်ရာပြည်နယ်/တိုင်း ပညာရေးမှူးရုံးများသို့ ပူးတွဲပါသင်တန်းဝင်ခွင့်လျှောက်လွှာပုံစံတွင် ကိုယ်တိုင်ပြုစုရေးသားဖြည့်သွင်းထားသော လျှောက်လွှာသုံးစုံကို ခေါက်လအတွင်းရိုက်ကူးထားသည့် ပတ်(စ်)ပို့အရွယ် ဓာတ်ပုံကပ်၍ ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူ၊ မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကိုယ်တိုင်ဝန်ခံချက်နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ရဲတပ်ဖွဲ့စခန်းတို့၏ထောက်ခံချက်များဖြင့် ၂၀၀၆ခုနှစ် ဇွန်လ ၉ ရက်နေ့ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများကို ပေးပို့တင်သွင်းရပါမည်။

၅။ ဇွန်လ ၁၄ရက် ၀၉:၀၀နာရီတွင် ဘာသာရပ်ဆိုင်ရာ ရေးဖြေစာမေးပွဲနှင့် ၁၄:၀၀နာရီတွင် အထွေထွေဗဟုသုတဆိုင်ရာ ရေးဖြေစာမေးပွဲများ ကျင်းပစစ်ဆေးမည်။ ဇွန်လ ၁၇ရက်မှစ၍ ဘာသာရပ်အလိုက် လူတွေ့နှုတ်ဖြေစစ်ဆေးမည်။

၆။ ရေးဖြေစာမေးပွဲနှင့်လူတွေ့နှုတ်ဖြေစစ်ဆေးမည့်တက္ကသိုလ်အမည်ကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးတွင် ကြေညာထားပါမည်။

၇။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ မိမိတို့၏ ပြည်နယ်/တိုင်း (သို့မဟုတ်) မြို့နယ်အဆင့်ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရန်ဖြစ်သည်။

ဘိုဝင်း
ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ၊ ၂၀၀၆ခုနှစ်၊ မေလ ၂၆ရက်။

ပညာရေးနည်းပညာအထူးသင်တန်း အမှတ်စဉ်(၁)
Special Certificate in Education Technology (SCET)
သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ် ________ ခုနှစ်၊ ________ လ၊ ________ ရက်
၃။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် ________
စာစစ်ဌာနနှင့် ပြည်နယ်/တိုင်း ________
၄။ ဘွဲ့အမည်နှင့်အဓိကယူခဲ့သည့်ဘာသာ ________
အောင်မြင်ခဲ့သည့်တက္ကသိုလ်နှင့်ခုနှစ် ________
၅။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည် ________
နှင့်အလုပ်အကိုင် ________
၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ________
၇။ အထက်တန်းပြဆရာအဖြစ်ခန့်ထားပါက ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ ________

ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ လ ရက်။ ________ လျှောက်ထားသူလက်မှတ်

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ မဂ္ဂင်လမ်း၊ အမှတ်(၂၃)နေ
(ဦးကျော်သန်း)–ဒေါ်တင်တင်ရီတို့၏သားထွေး

ဗိုလ်မှူးကျော်သီဟ B.Sc (D.S.A)

နှင့်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၈၂လမ်း၊ ၁၇–၁၈လမ်းကြား၊ အမှတ်(၉၁)နေ
ဦးသိန်းထွန်း(တိုင်းအလုပ်အမှုဆောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မန္တလေးတိုင်း)–
ဒေါ်ခင်ခင်မြင့်(ဆယ်သိန်းအထည်ဆိုင်)တို့၏သမီးကြီး

မသိမ့်သိမ့်ထွန်း M.Sc (Chem)

တို့၏ ၂၁–၅–၂၀၀၆ရက် (တနင်္ဂနွေနေ့) Oriental House (မန္တလေး)၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးခြင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးခြင်းနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးပါသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့်ဇနီး ဒေါ်ဝါဝါ၊ ဗိုလ်မှူးချုပ်သူရသက်ဦးမောင်နှင့်ဇနီး ဒေါ်နန်းလောင်းငင်း၊ ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့်ဇနီး ဒေါ်နီနီဝင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးမြင့်အောင်နှင့်ဇနီး ဒေါ်လှလှသန်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့်ဇနီး ဒေါ်နန်းအေးမြ၊ ဒုတိယရဲ့နေချုပ် ဦးဟန်ရှိန်၊ စစ်ဘက်နယ်ဘက်မှအရာရှိများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်ဆွေများ၊ မန္တလေးတိုင်း အမျိုးသားညီလာခံကိုယ်စားလှယ်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ Asia Pacific Hi Tech Group မှ Chairman နှင့် Director များ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးကျော်သီဟ–မသိမ့်သိမ့်ထွန်း။**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၁၈၂၄၊ Honda C70 B/S ယာဉ်လက်ဝယ်ရှိသူ အမည် ဦးချစ်ကိုကို ၉/မနမ(နိုင်)၁၀၅၅၃၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်တွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး(မန္တလေး၊မြောက်ပိုင်း)မန္တလေးမြို့။

ပြည်ပအလုပ်အကိုင်ကြော်ငြာ

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **ဆန်းသော်တာကုမ္ပဏီ**၏စီစဉ်ဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံတွင် ဂဟေလုပ်ငန်း၊ သစ်အခြေခံလုပ်ငန်းတို့တွင် သင်တန်းသား လုပ်သားအဖြစ် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံသား(အမျိုးသား)များ အလိုရှိပါသည်။

၁။ သင်တန်းသား – (၁၆)ဦး
အခြေခံလစာ – ယန်း ၈၀၀၀၀
ဝန်ဆောင်ခ – အမေရိကန်ဒေါ်လာ ၁၀၀၀နှင့်ညီမျှသော မြန်မာကျပ်ငွေ

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)များနှင့် ကျန်ပြည်နယ်၊ တိုင်းအလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင် ၉–၆–၂၀၀၆ရက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ အလုပ်သမားရုံးများနှင့် **ဆန်းသော်တာကုမ္ပဏီလီမိတက်** အမှတ်၁၂၂၊ ပထမထပ်(ဝဲ)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၌ စုံစမ်းနိုင်ပါသည်။

မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်စေလွှတ်ထားခြင်းမရှိပါ။



Peace Myanmar Group Co., Ltd.
(ISO 9001:2000 Certified Company)

ဝန်ထမ်းအလိုရှိသည်

၁။ Sales Manager ကျား/မ (၂) ဦး
- Sales Management နှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်
- Microsoft Application

၂။ Brand Manager ကျား (၁) ဦး
- Brand Marketing Field နှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်
- Microsoft Application

၃။ Office Secretary ကျား/မ (၂) ဦး
- Secretary Course အောင်မြင်ပြီး Microsoft Application

၄။ Receptionist မ (၂) ဦး
- Telephoning Skill

၅။ Sales Representative (or) Marketing Assistant ကျား (၅) ဦး

၆။ Section Incharge ကျား (၂) ဦး
- BE (Mechanical/ Electrical)

၇။ Asst: Section Incharge ကျား (၂) ဦး
- A.G.T.I (EP/EC)

PMG Co., Ltd.

အမည်ပြောင်း

ရန်ကုန်မြို့၊ အထက(၄) မြောက်ဒဂုံ၊ နဝမတန်း(င)မှ မထက်ထက်မြင့်၏အမည်မှန်မှာ သန်းခေါင်စာရင်းအရ မထက်ထက်နွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မထက်ထက်နွယ်။**

ဖခင်အမည်မှန်

အမက(၉)စမ်းချောင်း၊ Grade-3မှ မထက်အိန္ဒြေရှင်၏ဖခင်အမည်မှန်မှာ ဦးစောဒယ်နီဝင်း ၁၂/ရပသ(နိုင်)၀၁၀၂၁၉ ဖြစ်ပါသည်။ **ဦးစောဒယ်နီဝင်း။**

ကျေးဇူးဆပ်ပါမည်

မောင်အောင်နိုင်ထွန်း ၁၂/ကမရ(နိုင်)၀၀၀၆၄၀ ကိုင်ဆောင်သူ၏မှတ်ပုံတင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက မှတ်ပုံတင်ပါလိပ်စာအတိုင်း ပြန်လည်ပို့ပေးပါရန်။ **ဖုန်း–၅၂၄၇၀၀၊ ၀၉–၅၁–၁၃၅၀၅။**

☎ : 09-511-1604

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် မေ ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၈ရက် (တနင်္ဂနွေနေ့) နံနက်၅နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း ၉မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားကောင်း မိုးကြီးနိုင်

ရန်ကုန် မေ ၂၅

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တွင်အနောက်တောင် မုတ်သုံလေသည် အားကောင်းရာမှ အားအလွန် ကောင်းနေသည်။ ယင်း၏အရှိန်ကြောင့်ယနေ့ မွန်းတည့်မှ နောက်၂၄နာရီအတွင်း ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်း၊မကွေးတိုင်းနှင့်မန္တလေးတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ၄၅မိုင်အထိ တိုက်ခတ်နိုင်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

နှစ်ပတ်လည်နေ့အထိမ်းအမှတ်ကျင်းပ လုပ်ငန်းစွမ်းဆောင်ရည်ဆုများ ဆုချီးမြှင့်

ဖျာပုံ မေ ၂၀

၂၀၀၅ခုနှစ် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁၅ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမတွင်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က အမှာစကားပြောကြားပြီး ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမောင်ဌေးက ဆုချီးမြှင့်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ချီးမြှင့်

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ၂၀၀၅ခုနှစ်အတွင်း ဖျာပုံခရိုင်အတွင်းမှ နိုင်ငံတော်အဆင့် ဘွဲ့တံဆိပ်ရသူများ၊ စာပေပြိုင်ပွဲများတွင် နိုင်ငံတော်အဆင့် ဆုရသူများ၊ လုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်သည့် ရုံးဌာနများ၊ ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ပညာရည်ထူးချွန်သူများအား ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမောင်ဌေးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပေးကြောင်း သိရသည်။

(အပေါ်ယာပုံ) (၁၅၈)

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်သော မုံရွာမြို့ ဗိုလ်ချုပ်လမ်းမဘေး ပင်မအုတ်စီ ရေမြောင်း တိုးချဲ့ပြင်ဆင်ခြင်း လုပ်ငန်းခွင်ကို မေ ၁၇ ရက်က အင်ဂျင်နီယာမှူး ဦးဝင်းကျော်မျိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

ယင်းမာပင် မေ ၁၂

ယင်းမာပင်၊ ပုလဲနှင့် ဆားလင်းကြီးမြို့နယ်များ၏ စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂ရက်က ယင်းမာပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သာယာရေးခန်းမ၌ ကျင်းပသည်။

ယင်းအစည်းအဝေးတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘလှတို့က စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် ယင်းမာပင်၊ ပုလဲနှင့် ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက မြို့နယ်အလိုက် စိုက်ပျိုးရေးလုပ်ငန်းများ ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ဖလမ်းမြို့၌ငှက်ဖျားရောဂါနှိမ်နင်းရေး အသိပညာပေးရှင်းလင်းပွဲကျင်းပ

ဖလမ်း မေ ၂၃

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ်အတွင်း ငှက်ဖျားရောဂါနှိမ်နင်းရေး လုပ်ငန်းနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပွဲ အခမ်းအနားကို မေ ၂၀ရက်က ဖလမ်းခရိုင်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးအောင်နှင့်အဖွဲ့ဝင်များ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဝင်းအောင်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်း ငှက်ဖျားဆရာဝန် ဒေါက်တာဌေးမြင့်အောင်၊ ခရိုင်၊ မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ သူနာပြုများနှင့် သင်တန်းသူသင်တန်းသားများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးဌေးအောင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနဦးစီးမှူးဒေါက်တာဝင်းအောင်က ဖလမ်းမြို့နယ်အတွင်း ငှက်ဖျားရောဂါ အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ချင်းပြည်နယ်နှင့် မကွေးတိုင်း ငှက်ဖျား ဆရာဝန် ဒေါက်တာဌေးမြင့်အောင်က ဖလမ်းမြို့နယ်အတွင်း ဆောင်ရွက်ရမည့် ငှက်ဖျားရောဂါနှိမ်နင်းရေးလုပ်ငန်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဝင်းနိုင်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မေ၁၅ရက်က ကုန်သည်တန်းပန်းခြံ အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး

ကလေး ဧပြီ ၃၀

ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံ ဆွေးနွေးပွဲကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီက ကလေးမြို့နယ် ရေလဲဦးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခိုင်ကျော်ပါအိုက ကျေးရွာကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးတို့ကို ဆွေးနွေးဟောပြောပြီး ရပ်သံကျွမ်းကျင်(၃) ဦးကျင်ဆောမ်ထွောင်က စာအုပ်များစုဆောင်းခြင်း၊ မျိုးတူစုခွဲခြားခြင်းနှင့် စနစ်တကျ ငှားရမ်းခြင်းများကို ရှင်းလင်းဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လဆန်း ၁ ရက်

၂၇-၅-၂၀၀၆(စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကျွေး စုံတွဲတေး
(၁) အလိုအပ်ဆုံးအရာ
(၂) ကိုယ်ပိုင်အချစ်များနဲ့
(၃) အရှိကို အရှိအတိုင်း

၀၉:၄၅ အာဆီယံအစီအစဉ်

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (အထက်မြန်မာပြည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၏ ဆောင်ရွက်ချက်များ)

၁၁:၃၅ အဘိုးအဘွားအလေးထားကဏ္ဍ (Y.M.B.A ဦးခင်မောင်ထွေးနှင့် ဆွေးနွေးခန်း)

၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

၁၂:၁၀ နေ့စဉ်သုံး အီဒီယမ် (ဆရာဦးသိန်းလွင်)

ညနေပိုင်း

၁၇:၀၀ မေးကြည့် ဖြေကြည့် အေအိုင်ဒီအက်(စ်)ပဟေဠိ

၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

၁၇:၄၀ သိမှတ်စရာကွန်ပျူတာ (မော်နီတာနှစ်လုံး အပြိုင်သုံးမယ်-ဖိုးနိုင်ဝင်း)

၁၇:၄၅ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (လမ်းလျှောက်ခြင်း-မောင်ဝင်း)

၁၈:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အချစ်များနှင့် ကမ္ဘာ-၂)

၂၀:၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

၂၀:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မောင်မောင်သတ္တိမရှိဘူး
(၂) မွှေးလွန်းသည့်ပန်း
(၃) မေတ္တာလွန်းတင်

အမြို့မြို့ အနယ်နယ် သတင်းများ

ကံမမြို့နယ်၌ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုး

ကံမ မေ ၂၁

မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ်ဘန့်ဘွေးကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် မေ၁၆ရက်က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်ကျင်းပရာ သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဆန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဌေးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာ ပြည်သူများ စုစုပေါင်း အင်အား ၁၀၀၀ ပါဝင်စိုက်ပျိုးကြပြီး စိုက်ပျိုးဧက ၁၂ဧကတွင် ပျိုးပင် ၁၄၄၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မလှိုင်ပြည်သူ့ဆေးရုံကြီးသို့ ခုံတန်းရှည်များလှူဒါန်း

မလှိုင် မေ ၁၉

မလှိုင်မြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့် ကျောက်တန်းတိုက်နယ်ဆေးရုံအတွက် ခုံတန်းရှည်များလှူဒါန်းမှု ဂုဏ်ပြုပွဲအခမ်းအနားကို မေ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ဦးစိုကလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်တင်တင်ဝင်းတို့က အလှူရှင်ဦးစို-ဒေါ်ချစ်မိသားစုတို့အား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး **(အောက်ပုံ)**မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထွန်းက ကျေးဇူးတင် စကားပြန်လည် ပြောကြားသည်။ အဆိုပါလှူဒါန်းမှုကို မလှိုင်မြို့ အမှတ်(၁၀) ရပ်ကွက်နေ အလှူရှင် ဦးစို-ဒေါ်ချစ်မိသားစုတို့က တန်ဖိုးငွေကျပ်သုံးသိန်း နှစ်သောင်းကျော်ဖိုးရှိ ခုံတန်းရှည် ၂၅လုံးကို မြို့နယ်ပြည်သူ့ဆေးရုံအတွက် အလုံး ၂၀၊ ကျောက်တန်းတိုက်နယ် ဆေးရုံအတွက် ငါးလုံး ခွဲဝေလှူဒါန်းခဲ့သည်။

(၄၁၉)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဗဟုသုတရရန် စုပေါင်းလှူဒါန်းသော ရေဒီယိုများပေးအပ်ပွဲ ရေစကြို၌ကျင်းပ

ရေစကြို မေ ၂၃

ရေစကြိုမြို့နယ်အတွင်း ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး စာဖတ်တတ်သူတိုင်း စာဖတ်နိုင်ရေး စာမတတ်သူများ ဗဟုသုတများ ရရှိရေး ဦးတည်၍ ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဌာနဆိုင်ရာများမှ စုပေါင်းလှူဒါန်းသော ရေဒီယို ၈၁လုံး ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများကိုယ်စား မြို့နယ်ပညာရေးမှူးက ငါးသိန်းတန်ဖိုးရှိ ရေဒီယို ၈၁ လုံးကို ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌက လက်ခံရယူကာ မြို့နယ်ဥက္ကဋ္ဌက ကျေးရွာအုပ်စုအားလုံး၌ ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက်ရေဒီယိုများကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး တင်အောင်ခိုင်သို့ ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါဌာနဆိုင်ရာများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းသော ရေဒီယို ၈၁ လုံးကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မေ၃၁ရက်တွင် ကျေးရွာအုပ်စုအားလုံးသို့ အခမ်းအနားဖြင့် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အနာကြီးရောဂါကင်းဝေးရေး မကွေး၌အသိပညာပေးဆွေးနွေး

မကွေး မေ ၁၆

မကွေးမြို့ မြို့ပြဒေသ အနာကြီးရောဂါကင်းဝေးရေး အသိပညာပေး ဆွေးနွေးပွဲကို မေ ၁၀ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှရှောင်၊ တိုင်းအနာကြီး ရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာ ပီတာနေဝင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာကြင်စန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မြို့ပေါ် (၁၄)ရပ်ကွက်မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှရှောင်က အဖွင့်အမှာစကား ပြောကြားပြီး (ဝဲပုံ) တိုင်း အနာကြီးရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာပီတာနေဝင်းက အနာကြီးရောဂါကင်းဝေးရေး အသိပညာပေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မေ ၁၃ ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် မြေကွက်တွင် ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (ဝ၉၈)

စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး သီပေါ၌အလုပ်ရုံဆွေးနွေးပွဲကျင်းပ

သီပေါ မေ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်း ဖွင့်လှစ်ပြီးသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို မေ၁၈ ရက်က မန်ပဲကျေးရွာအုပ်စု ပညာ့အလင်းစာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျေးရွာအုပ်စုအတွင်းရှိ စာကြည့်တိုက်ကော်မတီဝင်များနှင့် ကျေးရွာစာပေဝါသနာရှင်များအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်နှင့် မန်ပဲကျေးရွာအုပ်စုဥက္ကဋ္ဌဦးစိုင်းငွေရတို့က စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားကြသည်။

ထို့နောက် သီပေါမြို့မှ စာပေဝါသနာရှင်နှင့် မြို့မိမြို့ဖဖြစ်သူ ဦးစိုင်းလွန်းသာ–ဒေါ်နန်းလှအုံမိသားစုတို့က မဂ္ဂဇင်းမျိုးစုံ အုပ်၄၀နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ်မျိုးစုံအုပ် ၅၀ တို့ကို မန်ပဲကျေးရွာ ပညာ့အလင်းစာကြည့်တိုက် ကော်မတီအတွင်းရေးမှူး ဒေါ်မော်မော်ထွန်းထံ ပေးအပ်လှူဒါန်းကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကို မေ ၁၃ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

နှစ် ၆၀ ပြည့် မီးသတ်တပ်ဖွဲ့နေ့ မြင်းမူ၌ကျင်းပ

မြင်းမူ မေ ၁၀

နှစ် ၆၀ ပြည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် ညနေ ၅နာရီက မြင်းမူမြို့နယ် မီးသတ်စခန်းဝင်းအတွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ နယ်မြေ(၄)ခုမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးစိုးလင်းအောင်က အမှာစကား ပြောကြားကြောင်း သိရသည်။

(၁၆၇)

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ၂၀၀၆–၂၀၀၇ခုနှစ် မိုးစပါးစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁ရက်က မြို့နယ် ဇရာသီရိသုခခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်က ရပ်ကွက်နှင့်ကျေးရွာဥက္ကဋ္ဌများသို့ စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (၁၀၈)

မြို့နယ် သတင်းများ

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများ ဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွား ပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်–

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်–

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

မိုင်းငေါ့မြို့၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့် သုတ၊ ရသစာအုပ်မျိုးစုံနှင့် ရေဒီယိုပေးအပ်လှူဒါန်း

မိုင်းငေါ့ မေ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် မိုင်းငေါ့မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော အုမ်းစွမ်ကျေးရွာအုပ်စုအတွင်းရှိ အုမ်းစွမ်ကျေးရွာတွင် ရောင်နီဦးစာကြည့်တိုက်၊ အုမ်းပလမ်းကျေးရွာတွင် အမျိုးဂုဏ်စာကြည့်တိုက်၊ ဟိုချောင်း(ပ)တွင် လူထုတက္ကသိုလ်စာကြည့်တိုက်၊ ဟိုချောင်း(လီ)တွင် ပညာအမွေစာကြည့်တိုက်၊ တဲဂီးတွင် ဘဝတံခွန်စာကြည့်တိုက်နှင့် ပန်လုတ်တွင် စာပေကမ္ဘာ စာကြည့်တိုက် စသည့်ကျေးရွာပေါင်း ခြောက်ရွာတို့တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲ၊ သုတ၊ ရသ စာအုပ်မျိုးစုံနှင့် ရေဒီယိုပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ စာကြည့်တိုက်များတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းရည်၊ အုမ်းစွမ်ကျေးရွာဥက္ကဋ္ဌဦးအောင်သိန်းနှင့် အဖွဲ့ဝင် ဦးထွန်းကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လက်ခံယူ

ထို့နောက် စာကြည့်တိုက်များအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းရည်က သုတ၊ ရသ စာအုပ်မျိုးစုံ ၅၀ စီ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရွှေနိုင်ငံဂျာနယ် ၁၀စောင်၊ ကျောက်မဲမြို့ အောင်မြင့်မြတ်စာပေမှ ရုပ်ပြစာအုပ် ၄၀ နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရေဒီယိုတစ်လုံးစီ ပေးအပ်လှူဒါန်းကြရာ တာဝန် ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ချစ်သမီးလေး သဲနုစန္ဒီ အတွက်

မွေးနေ့ဆုတောင်း

သဲသဲလေး (ကမာရွတ် TTC Grade-9) ရဲ့ ၂၄–၅–၂၀၀၆ ရက်တွင် ကျရောက်သည့် မွေးနေ့မှသည် နှစ်ပေါင်း ၁၂၀ တိုင်အောင် အောင်မြင်မှုများစွာ၊ ပျော်ရွှင်မှုများစွာ ပိုင်ဆိုင်နိုင်သော သမီးလိမ္မာလေးဖြစ်ပါစေ။

ဘိုးဘိုး၊ ဘွားဘွား၊ ဘဘ၊ ကြီးကြီး
ဖေဖေ–မေမေနှင့်
ချစ်မမကြီး – အေးခန့်ဘုန်းပြည့်
ချစ်ကိုကိုကြီး– ရဲမြန်မာအောင်
တောင်ကြီးမြို့။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၅)ရပ်ကွက်၊ (၅၂)လမ်း၊ (အောက်လမ်း)၊ အမှတ်(၁၈)၊ (၅လွှာ)နေ ဟာဂျီအပ္ပဒူလ်ဂဖူးရ်၊ ၁၂/ပဇတ(နိုင်)၀၁၆၆၀၈ ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဟာဂျီ အပ္ပဒူလ်ဂဖူးရ်သည် မော်လမြိုင်မြို့၊ မန္တလေးရပ်၊ အမှတ်(၁၂/၉–၁၀)၊ ဒိုင်း၀န်ကွင်း လမ်း (ယခင်မြောက်ဗိုလ်ချုပ်လမ်း)နေ ဟာဂျီမဂိုဘီဇမ်ဘီ(ခ)ဒေါ်စန်းစန်းမြင့် ၁၀/မလမ(နိုင်) ၁၅၂၀၂၆နှင့်၇–၃–၂၀၀၆ရက်တွင် မဟာရွှေ ၅ိ/–ကျပ်သား လက်ငင်းပေးပြီး ထိမ်းမြားလက်ထပ်ခဲ့ပါသည်။

၂၀–၅–၂၀၀၆ ရက်တွင် နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ထိုနေ့မှစပြီး ဟာဂျီမဂိုဘီဇမ်ဘီ(ခ)ဒေါ်စန်းစန်းမြင့်၏ စီးပွားရေး၊ လူမှုရေးနှင့် ငွေရေးကြေးရေး လုပ်ဆောင်ချက်များသည် ကျွန်ုပ်၏အမှုသည်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးစိုးမြင့် တရားရုံးချုပ်ရှေ့နေ (၃၄၃၃/၈၅)
အမှတ်–၂၇ဘီ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

မင်္ဂလာညစာ်ခံပွဲ ကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ ၂၅–၅–၂၀၀၆ ရက် (ကြာသပတေးနေ့)တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညစာ်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ နှစ်ဖက်သော မိဘဆွေမျိုး၊ ညီအစ်ကိုမောင်နှမများနှင့် မိတ်ဆွေသူငယ်ချင်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်အောင်မျိုးသစ်–ဒေါက်တာ သန္တာကြည်ဦး။

တီကျစ်ကျောက်မီးသွေးတူးဖော်ရေးစီမံကိန်း
(ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း)အတွက်
ဝန်ထမ်းများ အမြန်အလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ A.G.T.I (Mining) ကျား၅ဦး –လုပ်သက်(၃)နှစ်အထက်
၂။ A.G.T.I (Mec/Elec:) ကျား၅ဦး –လုပ်သက်(၂)နှစ်အထက်
၃။ THS/ITC (Mec/Elec:) ကျား၅ဦး
၄။ ကြီးကြပ်(ဘွဲ့ရ) ကျား၅ဦး –သတ္တုတွင်းလုပ်ငန်းခွင်ဝင်နိုင်သူ
၅။ ယန္တရားမောင်း(Dozer) ကျား၃ဦး –ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင်နိုင်သူ၊ လုပ်သက်(၅)နှစ်အထက်

* အမှတ်စဉ်(၂)နှင့်(၃)ရာထူးများအတွက် Crusher နှင့် Conveyor လိုင်း စက်မှုနှင့်လျှပ်စစ်ဆိုင်ရာ တာဝန်ထမ်းဆောင်ဖူးသူများကို ဦးစားပေးမည်။
* သက်ဆိုင်ရာဒေသရာသီဥတုတွင် အလုပ်လုပ်နိုင်သူ ရာထူးအားလုံးအတွက် အသက် ၄၅ နှစ်ထက်မကြီးသူများ ဖြစ်ရမည်။
* အထက်ပါ ရာထူးများအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ တစ်လအတွင်းရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ၊ မျှော်မှန်းလစာတို့ကို ဖော်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ ၇ ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်(ရုံးချုပ်)
အမှတ်(၁၉)၊ ရွှေပုန်းညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၀၁၈၅၉၊ ၅၀၁၈၆၀။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မချစ်စုငြိမ်း နိုင်ငံသားစိစစ်ရေး အမှတ် ၁၂/သကတ(နိုင်)၁၅၅၃၅၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည် ပေးပို့ပါရန်။

လိပ်စာ
အမှတ် ၇၅၁၊ (ပ)ထပ်ခေါင်းရင်းခန်း၊ မာလာနွယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၅၀၀ ၃၅၂၂။

သီတဂူဆရာတော် တရားပွဲ

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက် ရွှေတောင်ဦးတိုက်သစ် သီရိမင်္ဂလာကန်တော်ဦးကျောင်း၊ ရွှေတောင်ဦးဆရာတော်၏ အန္တိမစျာပန ပူဇော်ပွဲ၌ ၁၉–၆–၂၀၀၆ရက် (တနင်္လာနေ့) ည ၇း၀၀နာရီတွင် စစ်ကိုင်းတောင်ရိုး သီတဂူဗုဒ္ဓ တက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ပါသည်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
ရမည်းသင်းခရိုင်တရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်–၂၂/၂၀၀၅

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ရမည်းသင်းမြို့။	**နှင့်**	၁။ ဦးနေဝင်း ၂။ ဒေါ်မြကြီး ကျီးနီကျေးရွာ၊ပျော်ဘွယ်မြို့နယ်။
တရားနိုင်		**တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ်–၂၃/၂၀၀၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် ဇွန်လ ၂၉ ရက်နေ့၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် ဝါဆိုလဆန်း ၅ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။ ပျော်ဘွယ်မြို့နယ်၊ ကျီးနီကျေးရွာ၊ အကွက် ၃၈၅၊ ဦးပိုင် ၆၃၄၊ ဧရိယာ၀ဒသမ၀၅၂ဧကရှိမြေ။
၂။ ယင်းမြေပေါ်ရှိ (၄x၄)ပင် အုတ်နံကပ် သွပ်မိုးနှစ်ထပ်တိုက်(၅x၃)ပင် အဖီပါသွပ်မိုးအလုပ်ရုံ။

ကြမ်းခင်းဈေး– (၁၉၀၀၀၀၀ိ/–)(ကျပ်တစ်ဆယ့်ကိုးသိန်းတိတိ)

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါခြင်း၊သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်ပါသည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် မေလ ၁၉ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးခင်မောင်ထွန်း(LL.B)
ခရိုင်တရားသူကြီး။

တံတားပြင်ဆင်

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ပန်ကျိုင်းကြိုးတံတားပြင်ဆင်မှုကို မေ ၈ ရက်က အမှုဆောင်အရာရှိ ဦးသက်ထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ရှင်သန်ဖြစ်ထွန်းသော ခြံစည်းရိုးကြက်ဆူပျိုးပင်များ ကော့သောင်းမြို့၌ တပျော်တပါးစိုက်ပျိုး

ကော့သောင်း မေ ၁၂

ကော့သောင်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းအခမ်းအနားကို မေ ၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့ရုံးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်သိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်စိုက်ပျိုးကြသည်။**(ယာပုံ)**

ကော့သောင်းခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့များက ပျိုးထောင်ပြီးရှင်သန်ဖြစ်ထွန်းလျက်ရှိသည့် ပျိုးပင် ၃၀၀၀၀ ကို ရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုဝင်များက သတ်မှတ်နေရာများတွင် တပျော်တပါးစုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သင်ရိုးညွှန်းတမ်းနှင့် မာတိကာများ အဆင့်မြှင့်တင်ရေး ကြိုတင်ပြင်ဆင်

ကျွန်းလှ မေ ၁၀

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အေးလွင်နှင့် ကျွန်းလှမြို့နယ် ပညာရေးဝန်ထမ်းများ၏ တွေ့ဆုံဆွေးနွေးပွဲကို မေ၃ရက်က ကျွန်းလှမြို့ ညော့်ရိပ်သာခန်းမတွင် ကျင်းပသည်။

မှာကြား

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအေးလွင်က သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေးနှင့်အခြေခံပညာကဏ္ဍ အဆင့်မြှင့်တင်ရေးကိစ္စရပ်များအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရန် မှာကြားသွားသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၂၉–၅–၂၀၀၆ (တနင်္လာနေ့)
- ❑ External Features and Treatment of Ascaris Lumbricoides
  - ပထမနှစ် သတ္တဗေဒအထူးပြုများ
- ❑ Malarial Parasites of Man
  - တတိယနှစ် သတ္တဗေဒအထူးပြုများ
- ❑ Learning & Methods of Practice
  - ဒုတိယနှစ် စိတ်ပညာအထူးပြုများ

၃၀–၅–၂၀၀၆ (အင်္ဂါနေ့)
- ❑ The Role of the Headmaster
  - B.Ed (ဒုတိယနှစ် စာပေးစာယူ ကျောင်းသား၊ကျောင်းသူများ)
- ❑ Three Focal Points
  - B.Ed (ပထမနှစ် စာပေးစာယူ ကျောင်းသား၊ ကျောင်းသူများ)

၃၁–၅–၂၀၀၆ (ဗုဒ္ဓဟူးနေ့)
- ❑ Economic Instability And Demand Management Policies
  - တတိယနှစ် စီးပွားရေးအထူးပြု
- ❑ Application of Demand And Supply Analysis
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု

၁–၆–၂၀၀၆ (ကြာသပတေးနေ့)
- ❑ The Role of Psychology in Regional Development
  - စိတ်ပညာအထူးပြု အဝေးသင် နေ့ကျောင်းသား၊ကျောင်းသူများ၊ အများပြည်သူများ
- ❑ Methods of Integration
  - ပထမနှစ်သိပ္ပံ နေ့ကျောင်းသား၊ ကျောင်းသူများ

၂–၆–၂၀၀၆ (သောကြာနေ့)
- ❑ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဥပဒေနှင့် နိုင်ငံတော်၏ လက်တွေ့ဆောင်ရွက်ချက်များ အများပြည်သူများ
- ❑ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီများဖွဲ့စည်းခြင်း
  - အဝေးသင်တက္ကသိုလ် တတိယနှစ် ဥပဒေအထူးပြု ကျောင်းသား၊ ကျောင်းသူများ၊
- ❑ လျှပ်စီး၊ ဗို့အားနှင့် ဓာတ်လိုက်ခြင်း
  - ပထမနှစ် ရူပဗေဒအထူးပြု အဝေးသင် နေ့ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများ

နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

၃–၆–၂၀၀၆ (စနေနေ့)
- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၄–၆–၂၀၀၆ (တနင်္ဂနွေနေ့)
- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

သာယာလှပရေး

မိုးကောင်းမြို့ဝင် ဆိုင်းဘုတ် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်မှုကို မေ ၅ ရက်က အမှုဆောင်အရာရှိ ဦးတင်ငွေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရှေ့ဖုံးမှ

တက်ရောက်

တွံတေးတံတား ဖွင့်ပွဲအခမ်းအနားသို့ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တွံတေးတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ထိရောက်အကျိုးရှိစွာ အသုံးချ လူမှုစီးပွားဘဝ သာယာဝပြော တိုးတက်မြင့်မားအောင် ထိန်းသိမ်းစောင့်ရှောက်

အမှာစကားပြောကြား

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တွံတေးတံတား ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တွံတေးတံတား

- ❒ ပင်မတံတားသည် အပေါ်ထည်သံမဏိကြိုးဆိုင်း တံတားအမျိုးအစားဖြစ်၊ အောက်ထည်မှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်၊ ချဉ်းကပ်တံတားများမှာ သံကူကွန်ကရစ် တံတားအမျိုးအစားများဖြစ်၊
- ❒ ပင်မတံတားအရှည် ပေ ၈၄၀၊ ချဉ်းကပ်တံတား တစ်ဖက်လျှင် ၁၃၆၅ပေရှိပြီး စုစုပေါင်း ပေ ၃၅၇၀ ရှည်သည့်တံတားကြီးဖြစ်၊
- ❒ တံတား၏ယာဉ်သွားလမ်းမှာ ၂၈ ပေအကျယ်ရှိ နှစ်လမ်းမောင်းယာဉ်သွားလမ်းဖြစ်၊ တံတားပေါ်၌ တစ်ဖက်လျှင် လေးပေစီကျယ်သည့် လူသွားလမ်းပါရှိ၊
- ❒ ရေလမ်းကင်းလွတ်အမြင့်မှာ ၄၅ ပေရှိပြီး ရေလမ်းကင်းလွတ်နယ် အကျယ်မှာ ပေ ၇၀၀ ရှိ၊ ခွင့်ပြုယာဉ်အလေးချိန်တန် ၆၀ ခံနိုင်ဝန်ရှိသည့် တံတားကြီးဖြစ်။